# မြန်မာ့ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်တွင်

## အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ



နောက်ဆက်တွဲ မေလ ၁၇ ရက် ဆွေးနွေးပွဲရလဒ်

## အကျဉ်းချုပ်အစီရင်ခံစာ

EMReF Enlightened Myanmar Research Foundation

Inclusive Peace & Transition Initiative

JOINT PEACE FUND

# မာတိကာ


**မိတ်ဆက်** ........ ၄

**ဆွေးနွေးသုံးသပ်မှု အစီအစဉ်** ........ ၅

**အပိုင်း (၁) ငြိမ်းချမ်းရေးဖြစ်စဉ်၏ တည်ဆောက်ဖွဲ့စည်းမှုပုံစံနှင့် ပတ်သက်သော အကြောင်းအရာများဆိုင်ရာ ဆွေးနွေးချက်များ** ........ ၈

၁.၁။ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ- ၂၁ရာစုပင်လုံ (UPC) ဆိုင်ရာ ဆွေးနွေးချက်များ ........ ၈

၁.၂။ နည်းပညာဆိုင်ရာပံ့ပိုးကူညီသူ (Technical Person) များနှင့် ပတ်သက်သောဆွေးနွေးချက်များ ........ ၈

၁.၃။ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC) နှင့် ပတ်သက်သော ဆွေးနွေးချက်များ ........ ၉

၁.၄။ လမ်းကြောင်း-၁၊ လမ်းကြောင်း-၂ နှင့် လမ်းကြောင်း-၃ တို့ ပေါင်းစပ်ရန်အတွက် လိုအပ်ချက်ဆိုင်ရာ ဆွေးနွေးချက်များ ........ ၁၀

**အပိုင်း (၂) အရပ်ဘက်လူ့အဖွဲ့အစည်း (CSO) နှင့် ပတ်သက်သော အကြောင်းအရာများဆိုင်ရာ ဆွေးနွေးချက်များ** ........ ၁၁

၂.၁။ ပင်မငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ဆက်စပ်သော CSOများ၏ အခန်းကဏ္ဍဆိုင်ရာ ဆွေးနွေးချက်များ ........ ၁၁

၂.၂။ CSFoP နှင့် UCCPF ဆိုင်ရာဆွေးနွေးချက်များ ........ ၁၂

၂.၃။ CSO များ အချင်းချင်း စည်းလုံးမှုနှင့် ပူပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေးချက်များ ........ ၁၂

၂.၄။ ပြည်သူ့စစ် (Militias) များနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေးချက်များ ........ ၁၃

**အပိုင်း (၃) အလှူရှင်များနှင့် ပတ်သက်သော အကြောင်းအရာများဆိုင်ရာ ဆွေးနွေးချက်များ** ........ ၁၄

၃.၁။ အလှူရှင်များ၏ လက်ရှိအခြေအနေ ........ ၁၄

၃.၂။ အရပ်ဘက်လူ့အဖွဲ့အစည်း(CSO)များအပေါ် အလှူရှင်များ၏ သက်ရောက်မှု ........ ၁၄

**အပိုင်း (၄) ပဋိပက္ခဖြစ်စေသည့် အကြောင်းအရာများ** ........ ၁၆

**အပိုင်း (၅) အကြံပြုချက်များ** ........ ၁၈

၅.၁။ ငြိမ်းချမ်းရေးတည်ဆောက်ဖွဲ့စည်းမှုပုံစံနှင့် ပတ်သက်သော အကြံပြုချက်များ ........ ၁၈

၅.၂။ အရပ်ဘက်လူ့အဖွဲ့အစည်းများ (CSO) နှင့် ပတ်သတ်သော အကြံပြုချက်များ ........ ၁၉

၅.၃။ အလှူရှင်များနှင့် ပတ်သတ်သော အကြံပေးချက်များ ........ ၂၁

**နိဂုံး** ........ ၂၃

**နောက်ဆက်တွဲ** ........ ၂၄

# မိတ်ဆက်

ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) နှင့် Inclusive Peace and Transition Innitiative IPTI တို့၏ ငြိမ်းချမ်းရေးပူးပေါင်းရန်ပုံငွေအဖွဲ့ (JPF) ၏ ပံ့ပိုးကူညီမှုဖြင့် လက်ရှိလုပ်ဆောင်နေသော မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ လုပ်ဆောင်လျက်ရှိသော အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်ပုံစံအမျိုးမျိုးကို လေ့လာသုံးသပ်ထားသော "ငြိမ်းချမ်း ရေးတည်ဆောက်မှုလုပ်ငန်းစဉ်တွင် အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ" အစီရင်ခံစာ-ပင်မအစီရင်ခံစာကို မေလ ၁၆ ရက်၊ ၂၀၁၉ တွင် အများပြည်သူအား မိတ်ဆက်တင်ပြခဲ့သည်။

၎င်းအစီရင်ခံစာကို မြန်မာနိုင်ငံရှိ ပဋိပက္ခများကိုဖြစ်စေသော တွန်းအား/အကြောင်းတရားများ၊ ငြိမ်းချမ်းရေးတည်ဆောက်မှုတွင် ပါဝင်သည့် အရပ်ဘက်လူ့အဖွဲ့အစည်း အင်အားစုများ၊ အဆိုပါ CSOs များဆောင်ရွက်ကြသော ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းများနှင့် ၎င်းလုပ်ငန်းများကို အမျိုးအစားသတ်မှတ်နိုင်ရန်၊ တရားဝင်နှင့်အလွတ်သဘော ငြိမ်းချမ်းရေးတည်ဆောက်မှုများ အပေါ် အဆိုပါလုပ်ငန်းများကို မည်သို့မည်ပုံ အထောက်အကူပြုပုံနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးတည်ဆောက်မှု များအပေါ် အထောက်အကူပြုသည့်အချက်နှင့် အဟန့်အတားဖြစ်စေသည့်အချက်များကို သိရှိဖော်ထုတ်ရန် ရည်ရွယ်ချက်ဖြင့် အဖွဲ့အစည်းပေါင်း ၁၂၀ ကျော်ကို တွေ့ဆုံမေးမြန်းကာ တစ်နှစ်တာလေ့လာသုံးသပ်ခဲ့ပါသည်။

နောက်ဆက်တွဲလုပ်ငန်းစဉ်အနေဖြင့် မေလ ၁၇ ရက်၊ ၂၀၁၉ တွင် "သုတေသနအခြေပြု ရှေ့ဆက်မည့် ငြိမ်းချမ်းရေးခရီးစဉ်" ခေါင်းစဉ်ဖြင့် အဆိုပါသုတေသနတွေ့ရှိချက်များအပေါ်အခြေခံ၍ မြန်မာနိုင်ငံဒေသအသီးသီးမှအရပ်ဘက်လူ့အဖွဲ့အစည်းများကို သီးသန့်စုစည်းဖိတ်ကြားကာ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်တွင် မည်သို့မည်ပုံဆက်လက်ပါဝင်မည့် သဘောထားနှင့် အကြံပြုချက်များကို အလုပ်ရုံဆွေးနွေးပွဲသဏ္ဌာန်ပြုလုပ်၍ သုံးသပ်ဆွေးနွေးခဲ့ကြသည်။

ယခုတင်ပြမည့် အကျဉ်းချုပ်အစီရင်ခံစာမှာ မေလ ၁၇ ရက်နေ့က ပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်ပါဝင်ခဲ့ကြသော အရပ်ဘက်လူ့အဖွဲ့အစည်းများဆွေးနွေးသုံးသပ်မှုများမှ ထွက်ရှိလာသော သုံးသပ်ချက်များ၊ အဆိုပြုချက်များနှင့် အကြံပေးချက် များကို အစီရင်ခံတင်ပြထားခြင်းဖြစ်သည်။ ယခုအစီရင်ခံစာကို အပိုင်း ၃ ပိုင်းခွဲ၍တင်ပြသွားမည် ဖြစ်သည်။ ပထမပိုင်းမှာ မေလ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ဆွေးနွေးပွဲ၏ ဆွေးနွေးမှုအစီအစဉ်နှင့် ဆွေးနွေးမှုပုံစံကို ရှင်းလင်းတင်ပြထားသည်။ ဒုတိယ အပိုင်းတွင် ဆွေးနွေးမှုရလဒ်၏ အဓိကအချက်များကို အချက်လိုက်ထုတ်နုတ်၍တင်ပြထားသည်။ တတိယအပိုင်းတွင် ဆွေးနွေးပွဲ ဆိုင်ရာရလဒ်များကို အပိုင်း ၅ ပိုင်းခွဲ၍ တင်ပြထားသည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

**အပိုင်း (၁) -** ငြိမ်းချမ်းရေးဖြစ်စဉ်၏ တည်ဆောက်ဖွဲ့စည်းမှုပုံစံနှင့် ပတ်သက်သောအကြောင်းအရာများဆိုင်ရာ ဆွေးနွေးချက်များ

**အပိုင်း (၂) -** အရပ်ဘက်လူ့အဖွဲ့အစည်း (CSO) နှင့် ပတ်သတ်သောအကြောင်းအရာများဆိုင်ရာ ဆွေးနွေးချက်များ

**အပိုင်း (၃)-** အလှူရှင်များနှင့် ပတ်သတ်သော အကြောင်းအရာများဆိုင်ရာ ဆွေးနွေးချက်များ

**အပိုင်း (၄)-** ပဋိပက္ခဖြစ်စေသည့် အကြောင်းအရာများ။

**အပိုင်း (၅)-** အကြံပြုချက်များဟူ၍ ဖြစ်ပါသည်။

# ဆွေးနွေးသုံးသပ်မှု အစီအစဉ်

ဆွေးနွေးချက်ကို မတင်ပြမီ တက်ရောက်ပါဝင်သူတို့ မည်သည့်သဘောတရားများကိုအခြေခံ၍ ဆွေးနွေးခဲ့ကြသည်ကို ဦးစွာ တင်ပြလိုပါသည်။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အဓိကအားဖြင့် စေ့စပ်ဆောင်ရွက်မှုဆိုင်ရာ လမ်းကြောင်း ၃ ခု ရှိသည်ဟု သတ်မှတ်နိုင်သည်။ လမ်းကြောင်း ၁ - တရားဝင် သို့မဟုတ် ပင်မငြိမ်းချမ်းရေးလမ်းကြောင်း လုပ်ငန်းစဉ်၊ လမ်းကြောင်း ၂ - ပင်မငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုသော တရားဝင်အဖွဲ့အစည်းယန္တရားများနှင့် လမ်းကြောင်း ၃ - (ပင်မလမ်းကြောင်းပြင်ပ) ငြိမ်းချမ်းရေးတည်ဆောက်မှုဟူ၍ဖြစ်သည်။ လမ်းကြောင်း- ၁ တွင်မူ ၂၀၁၅ တွင် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူညီချက် (NCA) ရေးထိုးမှုအပြီး စတင်ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- ၂၁ ရာစုပင်လုံ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကျင်းပနိုင်ရေးအတွက် အတွင်းရေးမှူးအဖြစ် တာဝန်ယူလုပ်ဆောင်လျက်ရှိသော ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီမှ ဖြေရှင်းမှုမပြုလုပ်နိုင်သော ကိစ္စရပ်များကို တာဝန်ယူဖြေရှင်းပေးရသော ပူးတွဲအကောင်အထည်ဖော်ရေးညှိနှိုင်းအစည်းအဝေး (JICM) တို့ဖြစ်ပါသည်။ လမ်းကြောင်း- ၁.၅ တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- ၂၁ရာစုပင်လုံတွင်ကိုယ်စားပြုပါဝင်တက်ရောက်ကြသောသူများကို အကြံပေးသည့် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်သူများအနေဖြင့် ကိုယ်စားပြုရှိနေသော အရပ်ဘက်လူ့အဖွဲ့အစည်းအဖွဲ့ဝင်များနှင့် အရပ်ဘက်လူ့အဖွဲ့အစည်း ငြိမ်းချမ်းရေးဖိုရမ် (CSFoP) တို့ပါဝင်သည်။ လမ်းကြောင်း-၂ မှာ တွင် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ၃ မျိုး (ဒေသအလိုက်၊ လူမျိုးအလိုက်၊ အကြောင်းအရာလိုက်) ရှိသည့်အနက်မှ အရပ်ဘက်လူ့အဖွဲ့အစည်းများသာ တာဝန်ယူကျင်းပနိုင်သော အကြောင်းအရာအလိုက်နိုင်ငံရေးဆွေးနွေးပွဲ သို့မဟုတ် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် (UCCPF) အပါအဝင် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ၃ မျိုးနှင့် ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC)တို့ ပါဝင်သော လမ်းကြောင်းဖြစ်သည်။ တို့ပါဝင်ကြသည်။ လမ်းကြောင်း-၃ မှာမူ ပင်မငြိမ်းချမ်းရေးလုပ်ငန်းစဉ်ပြင်ပမှ အရပ်ဘက်လူမှုအဖွဲ့အစည်းများ လုပ်ဆောင်လျက်ရှိသော လူမှုအသိုင်းအဝိုင်း ကာကွယ်ခြင်း၊ စောင့်ကြည့်ခြင်း၊ အကြံပြုအရေးဆိုပေးခြင်း၊ အုပ်စုတွင်းလူမှုနည်းလမ်းဖြင့် အမူအကျင့်ပြောင်းလဲမှုဖြစ်စေခြင်းများ၊ လူမှုပေါင်းစည်းရေးလုပ်ငန်းများ၊ ပံ့ပိုးမှုနှင့်ဝန်ဆောင်မှုပေးခြင်း စသည်တို့ကို အခြေခံသောအလွတ်သဘော ငြိမ်းချမ်းရေးတည်ဆောက်သည့်လုပ်ငန်းများပင်ဖြစ်သည်။ ပင်မအစီရင်ခံစာတွင် ထိုလမ်းကြောင်းအသီးသီးတို့၌ အရပ်ဘက်လူ့အဖွဲ့အစည်းတို့၏ ပါဝင်နိုင်မှု အတိုင်းအတာကို သုံးသပ်တင်ပြထားသည်။ ထို့အပြင် ၎င်းအစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ပဋိပက္ခဖြစ်စေသည့် အကြောင်းအရင်း များအဖြစ် လက်ရှိကျင့်သုံးနေသော နိုင်ငံရေးစနစ်၊ ပဋိပက္ခများကို အစွန့်ရှည်စေသည့် စီးပွားရေးမက်လုံးများ၊ လူမျိုး/ဘာသာ ဆိုင်ရာ ညီမျှစွာပါဝင်ခွင့်မရှိမှုနှင့် အားလုံးသာတူညီမျှစွာ ပါဝင်ခွင့်ရှိသော အမျိုးသားကြန်အင်လက္ခဏာရပ်တစ်ခုမရှိခြင်း၊ ပဋိပက္ခ၏ ဆိုးမွေနှင့်လွတ်လပ်မှု၊ ဒီမိုကရေစီနှင့် ဒီမိုကရေစီနည်းလမ်းတကျ တာဝန်ခံမှုမရှိခြင်း စသဖြင့် ပါဝင်ဖြေဆိုသူများဖြစ်ကြသော အရပ်ဘက်အဖွဲ့အစည်းများ၊ EAO များ၊ နိုင်ငံရေးပါတီများ၊ အစိုးရကိုယ်စားလှယ်များစသည့်ကဏ္ဍအသီးသီးမှပုဂ္ဂိုလ်များမှ ထုတ်ဖော်ပြောကြားခဲ့ကြသည်။

ထိုအကြောင်းအရာများကို သုတေသနတွင် ဦးဆောင်ပါဝင်ခဲ့သော အကြီးတန်း သုတေသီများမှ တက်ရောက်သူ အရပ်ဘက်လူ့အဖွဲ့အစည်းအဖွဲ့ဝင်များသို့ အထက်ပါအကြောင်းအရာ၊ သဘောတရားများအပြင် ပြောင်းလဲခြင်းသီအိုရီ (theory of change) ကိုပါ အနှစ်ချုပ်ပြန်လည်တင်ပြသည့်အစီအစဉ်ကို ထည့်သွင်းခဲ့ပြီးနောက် ၎င်းနေ့ဆွေးနွေးသုံးသပ်ရန်အတွက် ခေါင်းစဉ် ၄ ခု ခွဲခြားသတ်မှတ်ခဲ့သည်။

(အသေးစိတ်ကို ဤအကျဉ်းချုပ်အစီရင်ခံစာ၏ နောက်ဆက်တွဲတွင် ဖတ်ရှုလေ့လာနိုင်ပါသည်။)

ခေါင်းစဉ်များမှာ -

- ငြိမ်းချမ်းရေးဖြစ်စဉ်၏ တည်ဆောက်ဖွဲ့စည်းမှုပုံစံဆိုင်ရာအကြောင်းအရာများ၊
- ပဋိပက္ခလိုအပ်ချက်နှင့် လက်ရှိငြိမ်းချမ်းရေးဆိုင်ရာလုပ်ဆောင်ချက်များ ဆီလျော်မှုဆိုင်ရာ အကြောင်းအရာများ၊

- အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ဆီလျော်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အကြောင်းအရာများ၊

- အလှူရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍဆိုင်ရာအကြောင်းအရာများ စသဖြင့် ဖြစ်ကြသည်။

တက်ရောက်သူများအနေဖြင့် မိမိကြိုက်နှစ်သက်ရာ၊ တစ်နည်းအားဖြင့် မိမိအားသန်ရာခေါင်းစဉ်ကို လွတ်လပ်ပွင့်လင်းစွာ ပါဝင်ဆွေးနွေးနိုင်သည်။ သက်ဆိုင်ရာဆွေးနွေးမှုခေါင်းစဉ်တစ်ခုချင်းဆီလိုက်တွင် ပံ့ပိုးကူညီနိုင်ရန်အတွက် ဤသုတေသနလုပ်ငန်းစဉ်တွင် ပါဝင်ခဲ့ကြသော သုတေသီများမှတစ်ဖွဲ့လျှင် တစ်ဦးကျစီ Facilitator များအနေဖြင့် ပံ့ပိုးကူညီခဲ့ကြသည်။ ခေါင်းစဉ်အသီးသီးတွင် ပါဝင်သောဆွေးနွေးမှုများမှာ လက်ရှိဖြစ်ပေါ်နေသော အကြောင်းအရာများ၊ ပြဿနာများ၊ ပြုပြင်ရန်သင့်သောအရာများ၊ လိုအပ်ချက်များနှင့် အထူးအားဖြင့် တက်ရောက်ပါဝင်ဆွေးနွေးသူများ လက်ရှိဖြစ်ပေါ်နေသောအခြေအနေပေါ် အဓိကထားသုံးသပ်၍ ပူးပေါင်းတိုင်ပင်ဆွေးနွေးထားသော အကြံပြုချက်များဖြစ်ပါသည်။ ထို့အပြင် အုပ်စုတစ်ခုချင်းဆီလိုက်ဆွေးနွေးမှုအပြီးတွင် အုပ်စုတစ်ခုခြင်းဆီမှ မိမိတို့၏ဆွေးနွေးချက်များကို အခြားသူများအား ပြန်လည်တင်ပြခြင်းနည်းအားဖြင့်လည်း အားလုံးပါဝင်ကာ အပြန်အလှန်ဆွေးနွေးအဖြေရှာမှုကိုလည်း ရယူခဲ့သည်။

သုံးသပ်ဆွေးနွေးပွဲတွင် ပါဝင်တက်ရောက်သူများမှာ မြန်မာနိုင်ငံ၏ဒေသအသီးသီးတွင် ပြည်သူများနှင့် နီးကပ်စွာတည်ရှိကာ မိမိတို့ဒေသရှိ ပြည်သူများအတွက် ကဏ္ဍအသီးသီးမှ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသောဒေသများအနေဖြင့် ရန်ကုန်၊ မန္တလေး၊ ရှမ်း၊ ကရင်၊ ကချင်၊ မွန်နှင့် ရခိုင်ဒေသ စသည့်ဒေသအသီးသီးမှ အရပ်ဘက်လူ့အဖွဲ့အစည်းများဖြစ်ကြသည်။ ကဏ္ဍများအနေဖြင့် ငြိမ်းချမ်းရေး၊ ကျား-မရေးရာ၊ လူငယ်ရေးရာ၊ ဖယ်ဒရယ်ရေးရာ စသဖြင့်ပါဝင်ကြသည်။

## ဆွေးနွေးမှုရလဒ် အဓိကအချက်များ

သုံးသပ်ဆွေးနွေးမှုများမှ ထွက်ပေါ်လာသော တွေ့ရှိချက်များမှာကို အောက်ပါအတိုင်း ထုတ်နုတ်ဖော်ပြထားသည်။ ဆွေးနွေးချက်အသေးစိတ်ကို အပိုင်း ၁၊ ၂၊ ၃ တွင် လေ့လာဖတ်ရှုနိုင်ပါသည်။

ငြိမ်းချမ်းရေးဖြစ်စဉ်၏ တည်ဆောက်ဖွဲ့စည်းမှုပုံစံနှင့် ပတ်သက်သောအကြောင်းအရာများဆိုင်ရာ ဆွေးနွေးချက်များမှ တွေ့ရှိချက်များ

- UPDJC သည် UPC ကိုကူညီထောက်ပံ့ပေးသည့် အခန်းကဏ္ဍတင်မှ မဟုတ်ပဲ ဆုံးဖြတ်ချက်ချနိုင်သည့် အာဏာကိုပါ ရရှိနေခြင်း။

- UPC တွင်တက်ရောက်ကြသော ကိုယ်စားပြုသူအုပ်စုတူ အချင်းချင်း ညှိနှိုင်းတိုင်ပင်ရန် အချိန်နည်းပါးခြင်း။

- ဖိတ်ကြားထားသော နည်းပညာဆိုင်ရာပံ့ပိုးကူညီသူများ အချင်းချင်းကြား သီးသန့်တွေ့ဆုံကာ ဆွေးနွေးအဖြေရှာနိုင်မည့် အခွင့်အရေးမရှိနေခြင်း။

- လွတ်လပ်ပြီး အမှီအခိုကင်းမဲ့သော သီးခြားရပ်တည်သည့် နည်းပညာဆိုင်ရာပံ့ပိုးကူညီသူများအဖွဲ့ (Technical Team) ဟူ၍ သီးသန့်အဖွဲ့တစ်ခု လမ်းကြောင်း-၁ တရားဝင် သို့မဟုတ် ပင်မငြိမ်းချမ်းရေးလမ်းကြောင်းတွင် ရှိမနေခြင်း။

- ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC) ၏ ဦးဆောင်မှုပုံစံမှာ ပူးတွဲဦးဆောင်မှု (Joint Leadership) မဟုတ်နေခြင်း။

- ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ၏ အရပ်သားကိုယ်စားလှယ်များမှာ စစ်မှန်သော အရပ်သားကိုယ်စားပြုမှုဖြစ်မနေခြင်း။

- လမ်းကြောင်း-၁ နှင့် လမ်းကြောင်း-၃ ကြား သတင်းအချက်အလက်များ ကင်းကွာမှုရှိနေခြင်း။

- ပြည်ထောင်စုအဆင့်နိုင်ငံရေး ဆွေးနွေးပွဲများတွင် ဆွေးနွေးရန်ချမှတ်ထားသော ခေါင်းစဉ်များမှာ ပြည့်စုံဆီလျော်မှုမရှိနေခြင်း။

- အရပ်ဘက်လူ့အဖွဲ့အစည်း (CSO) နှင့် ပတ်သက်သောအကြောင်းအရာများဆိုင်ရာ ဆွေးနွေးချက်များမှ တွေ့ရှိချက်များ။

- UCCPF နှင့် CSFoP တို့မှာ မိမိတို့အသီးသီး၏ အားနည်းချက်နှင့် အားသာချက်များကို အချင်းချင်း အပြန်အလှန် အသိအမှတ်ပြုရန် လိုအပ်ချက်ရှိနေခြင်း။

- CSO အချို့၏ ဘုံတန်ဖိုးထားမှု (Shared Values) အားနည်းနေမှုမှာ CSO များ အချင်းချင်း ပေါင်းစည်းမှု အားနည်းနေမှု၏ အကြောင်းအရင်းတစ်ရပ် ဖြစ်နေခြင်း။

- အလှူရှင်များကြောင့် ရန်ကုန်အခြေစိုက် CSO များနှင့်တိုင်းရင်းသား အခြေစိုက် CSO များကြား တင်းမာမှု၊ ပြိုကွဲမှုများ ဖြစ်စေသည်သာမကပဲ ရန်ကုန်အခြေစိုက် CSO များ အချင်းချင်းကြားတွင်လည်း ပြိုင်ဆိုင်မှုအားများသောကြောင့် တင်းမာမှုများ ဖြစ်စေခြင်း။

- ပြည်သူ့စစ်များကို CSO များ အနေဖြင့် ချဉ်းကပ်ရန်ခက်ခဲသည့် အခြေအနေများရှိနေခြင်း။

## အလှူရှင်များနှင့် ပတ်သတ်သော အကြောင်းအရာများဆိုင်ရာ ဆွေးနွေးချက်များမှ တွေ့ရှိချက်များ

- ငြိမ်းချမ်းရေးနှင့်ပတ်သက်သောထောက်ပံ့မှုများ စီးဆင်းမှုကို ဆုံးဖြတ်ချက်ချသည့် နိုင်ငံအဆင့်ဘုတ်အဖွဲ့နှင့် မြန်မာနိုင်ငံကို အကြီးစားထောက်ပံ့မှုများ ပြုလုပ်လျက်ရှိသော အလှူရှင်အချို့၏ဆုံးဖြတ်ချက်ချသည့် ယန္တရားတွင် CSO ကိုယ်စားပြုမှု မပါဝင်ခြင်း။

- အလှူရှင်များမှာ မြန်မာနိုင်ငံဒေသအသီးသီး၏ အကြောင်းအရာနှင့်ပတ်သက်၍ သိရှိမှုအားနည်းနေခြင်း။ ပိုမိုသိရှိအောင်လည်း သုတေသနပြုမှုအားနည်းနေခြင်း။

- အလှူရှင်များသည် ငြိမ်းချမ်းရေးနှင့်ပတ်သက်သောထောက်ပံ့မှုများ ပြုလုပ်ရာတွင် တရားဝင်ငြိမ်းချမ်းရေးလမ်းကြောင်းရှိ ကိစ္စရပ်များကိုသာဦးတည်၍ ထောက်ပံ့ကြပြီး တရားဝင်လမ်းကြောင်းပြင်ပ ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် ပတ်သက်သောကိစ္စရပ်များကိုမူ ထောက်ပံ့မှုအားနည်းနေခြင်း။

- အချို့သော အလှူရှင်များမှာ CSO များအပေါ် အမြတ်ထုတ်သည့်သဘောဆောင်နေခြင်း။

- အလှူရှင်အချို့မှဦးဆောင်ပြုလုပ်သော ကွန်ရက်များမှာ ပြည်သူများကိုဦးတည်ချက်ထား၍ (Civilian Centered) ဆောင်ရွက်မှုမရှိခြင်း။

# အပိုင်း (၁)

## ငြိမ်းချမ်းရေးဖြစ်စဉ်၏ တည်ဆောက်ဖွဲ့စည်းမှုပုံစံနှင့်ပတ်သက်သော အကြောင်းအရာများ ဆိုင်ရာ ဆွေးနွေးချက်များ

ယခုခေါင်းစဉ်အောက်တွင်ပါဝင်သော အဓိကဆွေးနွေးချက်များမှာ လမ်းကြောင်း- ၁ နှင့် လမ်းကြောင်း-၂ ၏ ပင်မငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းတွင်ပါဝင်သော ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ- ၂၁ရာစုပင်လုံ (UPC)၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)၊ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)၊ အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် (UCCPF)တို့နှင့် လမ်းကြောင်း -၁၊ လမ်းကြောင်း-၂ နှင့် လမ်းကြောင်း-၃ တို့ကြား လိုအပ်ချက် စသောအကြောင်းအရာများနှင့် ပတ်သက်သော ဆွေးနွေးချက်များဖြစ်ကြသည်။

### ၁.၁။ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ- ၂၁ရာစုပင်လုံ (UPC) ဆိုင်ရာ ဆွေးနွေးချက်များ

ကျင်းပဆောက်ရွက်ခဲ့ပြီးဖြစ်သော ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ- ၂၁ ရာစုပင်လုံ (UPC) ၏ တည်ဆောက်ဖွဲ့စည်းပုံဟု ဆိုရာတွင် ပါဝင်ဆွေးနွေးသူတို့မှာ ယင်းညီလာခံတွင် မည်သို့သောအကြောင်းအရာများကို ဆွေးနွေးသင့်သည်ကို တင်ပြပေးသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ၏ တည်ဆောက်ဖွဲ့စည်းပုံ၏လိုအပ်ချက်ကို ပဏာမအားဖြင့် ထောက်ပြပြောဆိုကြသည်။ UPDJC တွင် အစိုးရအစုအဖွဲ့(တပ်မတော်မှ ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့နှင့်လွှတ်တော်)၊ အနိုင်ရနိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဟူ၍ ပါဝင်ကြသည်။ UPDJC၏ အခန်းကဏ္ဍသည် ကူညီထောက်ပံ့သည့် သဘောဖြင့်သာ (Supporting Role) ပါဝင်ရမည်ဖြစ်သည်ဟု ပါဝင်ဆွေးနွေးသူများက နားလည်သဘောပေါက်ထားကြသည်။ စင်စစ်တွင်မူ **UPDJC သည် UPC ကို ကူညီထောက်ပံ့ပေးသည့် အခန်းကဏ္ဍတင်မှ မဟုတ်ပဲ ဆုံးဖြတ်ချက်ချနိုင်သည့် အာဏာကိုပါ ရရှိနေခြင်း** ဖြစ်သည်။ အတွင်းရေးမှူးရာထူးအဖြစ် တာဝန်ယူထားသော UPDJC သည် ဆုံးဖြတ်ပိုင်ခွင့်ရှိသော လုပ်ပိုင်ခွင့်အာဏာ ကိုပါရရှိနေသောကြောင့် ဖွဲ့စည်းတည်ဆောက်ပုံမှာ လွဲမှားနေခြင်းဖြစ်သည်ဟု ဆိုကြသည်။။ ထိုသို့ဆုံးဖြတ်ချက်ချသည့်ကိစ္စရပ်များတွင် တပ်မတော်၏ လွှမ်းမိုးသက်ရောက်နိုင်မှုအားများနေခြင်းကိုလည်း တွေ့ရှိရပြန်သည်။ ပါဝင်ဆွေးနွေးသူတစ်ဦးက "*UPDJC မှာ တပ်ကပါနေတဲ့ဟာမျိုး ဒါတွေက နိုင်ငံရေးအရ လက်ဝါးကြီးအုပ်မှုပဲ။*"ဟူ၍ ၎င်း၏ ထင်မြင်ယူဆချက်ကို ဝင်ရောက်ဆွေးနွေးခဲ့သည်။ တစ်ဖက်တွင်လည်း အခြားသော ပါဝင်ပတ်သတ်သူ အသီးသီး၏ စုပေါင်းညီညွတ်မှုအားမှာလည်း တပ်မတော်နှင့်ယှဉ်လျှင် နည်းပါးသည်။ UPC သို့တက်ရောက်လာကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှာ မတူကွဲပြား အမျိုးအစား စုံလင်လှသည်။ ဆိုလိုရင်းမှာ ၎င်းတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှာ တစ်ခုနှင့်တစ်ခု မတူညီသောကြောင့် ၎င်းတို့က ကြုံတွေ့ရသောပြဿနာနှင့် လိုအပ်ချက်၊ တောင်းဆိုချက်များသည်လည်း တူညီမည်မဟုတ်ပေ။ ထို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားပြုများ၏အသံမှာ တပ်မတော်ကိုယ်စားပြုသူများလောက် တူညီမည်မဟုတ်သည်မှာ သဘာဝဖြစ်သဖြင့် လက်ခံထား ရမည့် ကိစ္စဖြစ်သည်။ "*တပ်ကတစ်ခုတည်းနဲ့လာတာ။ တိုင်းရင်းသားတွေကမတူတော့ လိုချင်တာကများမှာပဲ။ ဒါကို ဘယ်လိုညှိကြမလဲပေါ့။*" ဟူ၍ ဆိုသည်။ "UPC မှာတပ်မတော်က ဟင့်အင်းဆိုရင် တိုင်းရင်းသား လက်နက်ကိုင်တွေက ဘာဆက်လုပ်ရမလဲဆိုတာ ပြောဖို့အချိန်မရှိတော့ဘူး။"ဟူ၍လည်း **UPC တွင်တက်ရောက်ကြသော ကိုယ်စားပြုသူ အုပ်စုတူအချင်းချင်း ညှိနှိုင်းတိုင်ပင်ရန် အချိန်နည်းပါးမှု**ကိုလည်း ထောက်ပြခဲ့သည်။

အထက်ဖော်ပြပါကိစ္စရပ်များကြောင့် နိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပို၍နှောင့်နှေးနေခြင်းဖြစ်ကြောင်း သုံးသပ်ကြသည်။

### ၁.၂။ နည်းပညာဆိုင်ရာပံ့ပိုးကူညီသူ (Technical Person) များနှင့် ပတ်သတ်သောဆွေးနွေးချက်များ

တစ်ဖန် UPDJC တွင် နည်းပညာဆိုင်ရာပံ့ပိုးကူညီသူ (Technical Person) တို့၏ အခန်းကဏ္ဍမှာလည်း အငြင်းပွားဖွယ်ရာကိစ္စဖြစ်နေသည်။ ပါဝင်ဆွေးနွေးသူများ၏ ပြောကြားချက်များအရ လက်ရှိအခြေအနေမှာ နည်းပညာပိုင်းဆိုင်ရာပံ့ပိုးကူညီသူများမှာ UPC တွင် အဓိကပါဝင်ပတ်သတ်သောသူများသည် -အစိုးရအစုအဖွဲ့ (တပ်မတော်မှကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့)၊ အနိုင်ရနိုင်ငံရေးပါတီများ နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တို့မှ ဖိတ်ကြားထားသော နည်းပညာပိုင်းဆိုင်ရာပံ့ပိုးကူညီသူများသာဖြစ်နေသည်။ တစ်ခါတရံတွင် အရပ်ဘက်လူ့အဖွဲ့အစည်း (CSO)များကို ဖိတ်ကြားသော်လည်း CSO အဖြစ်ကိုယ်စားပြုတက်ရောက်ခွင့်မရှိကြချေ။ ၎င်းဖွဲ့စည်းပုံ၏ အားနည်းချက်တစ်ခုမှာမူ ဖိတ်ကြားခံရသော နည်းပညာဆိုင်ရာပံ့ပိုးကူညီ၏ အကြံပေးချက်များမှာ ၎င်းတို့ကိုယ်စားပြုသောအဖွဲ့အစည်း၏ ကောင်းကျိုးကိုသာကြည့်သော အကြံပေးချက်များသာဖြစ်နိုင်နေခြင်းပင်ဖြစ်

သည်။ နောက်တစ်ချက်မှာ ထိုနည်းပညာဆိုင်ရာပံ့ပိုးကူညီသူများ၏ စွမ်းဆောင်ရည်ပင်ဖြစ်သည်။ နည်းပညာပံ့ပိုးကူညီသူများမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သတ်သူများကို ကိုယ်စားပြုသည့်ပုဂ္ဂိုလ်များသာဖြစ်သည့်အပြင် နည်းပညာပိုင်းဆိုင်ရာတွင်လည်း ကျွမ်းကျင်မှုအားနည်းပါသဖြင့် ထိရောက်မှန်ကန်သော အကြံပြုမှုများမပြုလုပ်နိုင်ပါက နိုင်ငံရေးအတွေးအခေါ် သက်သက်ဖြင့်သာ ဆွေးနွေးမှုပြုလုပ်သည့်သဏ္ဍာန်ဖြစ်နေမည်ဖြစ်သဖြင့် ဆွေးနွေးချက်များ၏ဆိုလိုရင်းအဓိပ္ပာယ်နှင့် ငြိမ်းချမ်းရေးခရီးစဉ်၏လားရာလမ်းကြောင်းမှာ သတ်မှတ်ထားသောဦးတည်ချက်နှင့်သွေဖယ်သွားနိုင်သော အန္တရာယ်ရှိသည်။ "*အစုအဖွဲ့အသီးသီးရဲ့ အကြံပေး၊ ပညာရှင်တွေက နိုင်ငံရေးသမားတွေနဲ့ အရပ်ဘက်အဖွဲ့အစည်းတွေ ဆွေးနွေးရင်းနဲ့တစ်ချက်မှာ ပိတ်မိနေပြီဆိုရင် Debate ဖြစ်လာပြီဆိုရင် သူတို့ က ဘာကိုကြည့်ပြီးတော့ ဆုံးဖြတ်မလဲဆိုတာမျိုးလုပ်ပေးသင့်တာပေ့ါ။ နည်းပညာရှင်ပီသစွာပေ့ါ။ အခုက ဒီဟာကမှန်ပေမယ့် ဒီစာသားကိုမကြိုက်ဘူးဆိုတာမျိုးပဲဖြစ်နေတယ်။ စာသားပြင်တာမျိုးဆိုတာထက် ပညာရှင်ဆန်ဆန်သုံးသပ်ပြီး ဆုံးဖြတ်ရမှာ။ ပညာရှင်ရှုထောင့်ကနေ အကြံပြုပေးတာမျိုးလုပ်ရမှာ။*" ဟူ၍ဆိုသည်။ ထို့အပြင် **ဖိတ်ကြားထားသော နည်းပညာဆိုင်ရာပံ့ပိုးကူညီသူများ အချင်းချင်းကြား သီးသန့်တွေ့ဆုံကာ ဆွေးနွေးအဖြေရှာနိုင်မည့် အခွင့်အရေးမရှိကြပါ။** နောက်ထပ်လိုအပ်ချက် (သို့မဟုတ်) အားနည်းချက်အနေဖြင့်ထောက်ပြကြသည်မှာ **လွတ်လပ်ပြီး အမှီအခိုကင်းမဲ့သော သီးခြားရပ်တည်သည့် နည်းပညာဆိုင်ရာပံ့ပိုးကူညီသူများအဖွဲ့ (Technical Team) ဟူ၍ သီးသန့်အဖွဲ့တစ်ခု လမ်းကြောင်း-၁ တရားဝင် သို့မဟုတ် ပင်မငြိမ်းချမ်းရေးလမ်းကြောင်းတွင် မရှိနေခြင်း**ဖြစ်သည်။

## ၁.၃။ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC) နှင့် ပတ်သက်သော ဆွေးနွေးချက်များ

တတိယဆွေးနွေးချက်မှာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) နှင့် ပတ်သတ်သော လိုအပ်ချက်၊ ပြဿနာများပင်ဖြစ်သည်။ JMCကို အပစ်အခတ်ရပ်စဲရေးနှင့် ရှေ့ဆက်မည့် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးပွဲများနှင့်ဆိုင်သော တပ်မတော်ကိစ္စရပ်များ စောင့်ကြည့်လေ့လာရန်အတွက် NCA အပြီး (၂၀၁၅) တွင် တည်ထောင်ခဲ့သည်။ အဖွဲ့အစည်း၏ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တွင် တပ်မတော်မှာ ဥက္ကဋ္ဌနေရာကို တာဝန်ယူသည်။ ဒုဥက္ကဋ္ဌနေရာကို ပြည်ထောင်စုအဆင့်တွင် တိုင်း ရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(EAO) နှင့် အရပ်သားမှတစ်ဦးကျစီ ကိုယ်စားပြုတာဝန်ယူ၍ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်နှစ်ဆင့်လုံးတွင်မူ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (EAO) မှသာ တစ်ဦးတည်း တာဝန်ယူသည်။ ပြည်ထောင်စုအဆင့်တွင်အတွင်းရေးမှူးရာထူးကိုတပ်မတော်နှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(EAO)မှတစ်ဦးကျစီတာဝန်ယူသည်။ အဖွဲ့ဝင် များ လည်းရှိကြပြီး အစိုးရအဖွဲ့ဝင် (ပြည်ထဲရေး၊ ထွေအုပ်၊ တပ်)၊ အရပ်သားအဖွဲ့ဝင်နှင့် EAO အဖွဲ့ဝင်ဟူ၍ဖြစ်ကြသည်။ သုံးသပ်ပွဲသို့တက်ရောက်ဆွေးနွေးကြသူများ ထောက်ပြဆွေးနွေးသော ပထမဦးဆုံးလွဲမှားမှုပြဿနာမှာ **JMC ၏ ဦးဆောင်မှုပုံစံမှာ ပူးတွဲဦးဆောင်မှု (Joint Leadership) မဟုတ်နေခြင်း**ဖြစ်သည်။ ဆိုလိုသည်မှာ တပ်မတော်မှသာ အဆင့်အားလုံးတွင် တစ်ဦးတည်း ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားခြင်း ဖြစ်သည်။ "*JMC ဖြစ်လာတော့ သက်ဆိုင်ရာပြည်နယ်ကလူတွေ ဥက္ကဋ္ဌဖြစ်ရမယ့်ဟာကို တပ်ကဥက္ကဋ္ဌနေရာမှာ ဝင်ယူလိုက်တယ်။ ပြည်နယ် State Level Peace Committee ဆိုရင် ပြည်နယ်ဝန်ကြီးချုပ်က Chair ဖြစ်သင့်တာပေ့ါ ။ အခုက တပ်ကဥက္ကဋ္ဌ။ အဲဒီမှာ ပြည်နယ်အစိုးရတွေရဲ့ Role က တစ်နိုင်ငံလုံးရဲ့ Structure အောက်မှာ ပျောက်သွားတယ်။ အဲဒါက အဓိကအားနည်းချက်။*" ဟူ၍ ပါဝင်ဆွေးနွေးသူတစ်ဦးမှဆိုလေသည်။ ထို့အပြင် ဤငြိမ်းချမ်းရေးကော်မတီမှာ ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးတို့တွင်မရှိဘဲ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင်သာ ပြည်နယ်အဆင့်ရုံးများရှိသည်။ JMC ၏ ဖွဲ့စည်းတည်ဆောက်ပုံတွင်ပါဝင်သော "အရပ်သား" ဟူသော ပုဂ္ဂိုလ်များကို ရွေးချယ်မှုပုံစံမှာ အရပ်သားများဖြစ်သော အရပ်ဘက်လူ့အဖွဲ့အစည်းများအတွက် စိတ်မကျေနပ်ဖွယ်ရာအဖြစ် တွေ့ရှိရပြန်သည်။ အကြောင်းမှာ JMC ၏ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်၊ ထိုအဆင့်နှစ်ခုလုံးတွင် ပါဝင်သော အရပ်သားကိုယ်စားလှယ်များမှာ EAO၊ အစိုးရနှင့်တပ်မတော်မှ ရွေးချယ်တင်မြှောက်ထားသော အရပ်သားများသာ ဖြစ်နေခြင်းဖြစ်သည်။ ထို့ကြောင့် **JMC ၏ အရပ်သားကိုယ်စားလှယ်များမှာ စစ်မှန်သော အရပ်သားကိုယ်စားပြုမှုဖြစ်မနေပါ။** ဤအချက်မှာ ဒုတိယအချက်အနေဖြင့် တင်ပြဆွေးနွေးသော လွဲမှားမှုဖြစ်သည်။ "*ကော်မတီမှာ အရပ်သားမဟုတ်ပဲ တပ်ကရှိနေတာ။ NCA Process သည် Joint Implementation Process ဖြစ်ရမှာ။ ဒါပေမယ့် တကယ့်လက်တွေ့မှာ တပ်ကဥက္ကဋ္ဌဆိုတဲ့ Roleနဲ့ Structure လုပ်တဲ့ဟာကို ခံလိုက်ရတာက အဓိကအားနည်းချက်ပဲ။*" ဟူ၍ ပါဝင်ဆွေးနွေးသူ တစ်ဦးမှလည်း ၎င်း၏ ထင်မြင်ယူဆချက်ကို ဝင်ရောက်ဆွေးနွေးခဲ့သည်။ နောက်ထပ် ပါဝင်ဆွေးနွေးသူ တစ်ဦးမှာလည်း "*EAO ရယ်၊ အစိုးရရယ်၊ အရပ်သားရယ်ပါတယ်လို့ပြောတယ်။ ကြည့်လိုက်ရင် ဟုတ်တယ်။ ဒါပေမယ့် အဲ့ဒီအရပ်သားတွေကကြည့်လိုက်ရင် ဘယ်သူ့ကို ကိုယ်စားပြုလဲဆိုတော့ သူက CSO ကနေ တင်လာတာမဟုတ်တော့ဘူး။ အပေါ်နှစ်ဖွဲ့ကနေပြီး တင်တဲ့ဟာမျိုးဖြစ်နေတာ။ အဲ့ဒီတော့ ကြည့်လိုက်ရင်တော့ အရပ်သားဟုတ်တယ်။ ဒါပေမယ့် အစိုးရဘက်ကကျတော့ Retired ပေ့ါ ရောက် လာတယ်။ အရပ်သားတော့ အရပ်သားပေ့ါ။ ဒီဘက်က EAO ဘက်ကျတော့လည်း သူတို့က ယုံတဲ့သူ။ တခါတလေကျရင် ယုံတဲ့သူလို့ပြောတဲ့အခါမှာ အဲ့ဒီ ရွေးချယ်ခံရတဲ့သူတွေက တကယ်ပဲ ဖြစ်သင့်ဖြစ်ထိုက်တာကို ပြောရဲလားဆိုရဲလားဆိုတဲ့နေရာမှာ ပြဿနာရှိသွားတယ်။ Trusted တော့ ဟုတ်တယ်၊ ဒါပေမယ့် သူတို့ကပြောသင့်တဲ့စကားကို မပြောတဲ့အခါကျတော့ သူတို့က အရပ်သားတွေဘက်က မရပ်တော့ဘူးလေ။ ဒီနှစ်ယောက်ဘက်ကရပ်မယ့်လူတွေက ပြန်ပြီးတော့ ယိုင်သွားနိုင်တဲ့သူတွေဖြစ်သွားရော။*"ဟူ၍ဆိုလေသည်။

## ၁.၄။ လမ်းကြောင်း-၁၊ လမ်းကြောင်း-၂ နှင့် လမ်းကြောင်း-၃ တို့ ပေါင်းစပ်ရန်အတွက် လိုအပ်ချက်ဆိုင်ရာ ဆွေးနွေးချက်များ

လက်ရှိအခြေအနေတွင် လမ်းကြောင်း- ၁ တွင် လုပ်ဆောင်နေသော ကိစ္စရပ်များ၊ အထူးသဖြင့် နောက်ဆုံး ဆုံးဖြတ်ချက်ချသူများကို စောင့်ကြည့်မှုများပြုလုပ်ရန် သတင်းအချက်အလက်များမှာ လမ်းကြောင်း-၃ တွင် ပါဝင်သူများထံတွင် မရှိပါ။ လမ်းကြောင်း-၂ မှ တင်သွင်းသော အဆိုပြုချက်များကို လမ်းကြောင်း- ၁ တွင် ဆွေးနွေးမှုများပြုလုပ်နေခြင်း ရှိ၊ မရှိကိုလည်း လမ်းကြောင်း-၃ မှ မသိရှိရပါ။ ထို့ကြောင့် **လမ်းကြောင်း-၁ နှင့် လမ်းကြောင်း-၃ ကြား သတင်းအချက်အလက်များ ကင်းကွာမှုရှိနေသည်။** နိုင်ငံတွင် နေထိုင်ကြသော ပြည်သူများနှင့် အနီးကပ်ဆုံးမှာ လမ်းကြောင်း-၃ ဖြစ်ပြီး ထိုကဲ့သို့ လမ်းကြောင်း-၁ မှ လမ်းကြောင်း-၃သို့ သတင်းအချက်အလက် စီးဆင်းမှုအားနည်းနေမှုသည် ပြည်သူများတရားဝင်ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်များနှင့် ကင်းကွာအောင် ပြုလုပ်သကဲ့သို့ ဖြစ်နေကြောင်း တွေ့ရသည်ဟူ၍ ဆွေးနွေးခဲ့ကြသည်။ ထူးခြားချက်အနေဖြင့် တင်ပြလိုသည်မှာ မွန်ပြည်နယ်တွင်းရှိ လမ်းကြောင်း-၁ တွင် ပါဝင်သူများနှင့် လမ်းကြောင်း-၃ တွင် ပါဝင်သူများ၏ နီးစပ်မှုရှိနေသည့် အကြောင်းအရာ ပင်ဖြစ်သည်။ မွန်ပြည်နယ်မှ တက်ရောက်ဆွေးနွေးသူတစ်ဦးတင်ပြပြောဆိုသည်မှာ လမ်းကြောင်း (၁) တွင် ပြုလုပ်သော နိုင်ငံရေး ဆွေးနွေးပွဲများကို တက်ရောက်ခွင့်ရှိကြသော မွန်ပြည်နယ်ရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAO) များနှင့် နိုင်ငံရေးပါတီတို့သည် ထို နိုင်ငံရေးဆွေးနွေးပွဲများကို တက်ရောက်ပြီးသည့်အခါတိုင်းတွင် မွန်ပြည်နယ်ရှိ CSO များနှင့်တွေ့ဆုံကာ ၎င်းတို့ ထိုဆွေးနွေးပွဲများတွင် ဆွေးနွေးခဲ့သော ဆွေးနွေးချက်များကို ပြန်လည်ဝေငှပြောဆိုသော အလေ့အထရှိသည်။ ၎င်းတွေ့ဆုံဆွေးနွေးပွဲ၏အားသာချက်မှာ မွန်ပြည်နယ်၏ CSO များမှ ၎င်းတို့၏ ရပ်တည်ချက်၊ ဆွေးနွေးမှုများနှင့် ပတ်သတ်သည့် စဉ်းစားချက်များကို လမ်းကြောင်း (၁) တွင် ပါဝင်ပတ်သက်သူများထံ တိုက်ရိုက်ဆွေးနွေးပြောဆိုနိုင်ခြင်း ဖြစ်သည်။ ထိုကဲ့သို့ နီးစပ်မှုမျိုးမှာ မြန်မာနိုင်ငံရှိ အခြားသော ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ရရှိရန်မလွယ်ကူချေ။

အလုပ်ရုံဆွေးနွေးပွဲတွင် ရှေ့ဖော်ပြပါဆွေးနွေးချက်များကို ပဏာမထားဆွေးနွေးခဲ့ကြပြီး အခြားသောဆွေးနွေးချက်များမှာ ပင်မ အစီအရင်ခံစာတွင် ဖော်ပြပါရှိပြီးဖြစ်သော တွေ့ရှိချက်များဖြစ်သည့် အရပ်ဘက်လူ့အဖွဲ့အစည်း ငြိမ်းချမ်းရေးဖိုရမ် (UCCPF) မှ ဆွေးနွေးအကြံပြုချက်များကို အထက်သို့ပြန်လည်တင်ပြရန် လမ်းကြောင်းမရှိခြင်းအပါအဝင် ပင်မငြိမ်းချမ်းရေးတည်ဆောက်ပုံ လမ်းစဉ်တွင် အရပ်ဘက်လူ့အဖွဲ့အစည်းများကို အပြည့်အဝပါဝင်ခွင့်မပေးထားခြင်း စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။ ထပ်တိုး ဆွေးနွေးကြသည်မှာ **ပြည်ထောင်စုအဆင့်နိုင်ငံရေးဆွေးနွေးပွဲများတွင် ဆွေးနွေးရန်ချမှတ်ထားသောခေါင်းစဉ်များမှာ ပြည့်စုံ ဆီလျော်မှုမရှိနေခြင်း**ဖြစ်သည်။ တက်ရောက်သူတစ်ဦး ဥပမာထားပြောကြားသွားသည်မှာ EAO များနှင့် အနိုင်ရ နိုင်ငံရေးပါတီများအား ဦးဆောင်ကျင်းပခွင့်ပြုထားသော လူမျိုးအလိုက် နိုင်ငံရေးဆွေးနွေးပွဲများတွင် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြောင်းအရာများကိုဆွေးနွေးခွင့်ပေးထားသော်လည်း ထိုဖွံ့ဖြိုးရေးကိစ္စများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လိုအပ်သော ဘဏ္ဍာငွေနှင့်ပတ်သက်သော ဆွေးနွေးမှုများပြုလုပ်ရန်အတွက် UPDJC မှ သတ်မှတ်မပြဋ္ဌာန်းထားပေ။ ထိုခေါင်းစဉ်မှာမူ အရပ်ဘက်လူ့အဖွဲ့အစည်းများငြိမ်းချမ်းရေးဖိုရမ် (UCCPF) ၏ ဆွေးနွေးရန်ခေါင်းစဉ်အဖြစ် သတ်မှတ်ထားခြင်းဖြစ်သည်။ တစ်ဖက်ရှိ UCCPF တွင်မူ ဘဏ္ဍာငွေနှင့်ပတ်သက်သောဆွေးနွေးမှုများပြုလုပ်ရန် ခွင့်ပြုထားသော်လည်း နိုင်ငံရေးဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးခွင့်မပေးထားပါ။

# အပိုင်း (၂)

## အရပ်ဘက်လူ့အဖွဲ့အစည်း (CSO) နှင့် ပတ်သက်သော အကြောင်းအရာများဆိုင်ရာ ဆွေးနွေးချက်များ

ဤအပိုင်းတွင် အရပ်ဘက်လူ့အဖွဲ့အစည်းများ ပင်မငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်သော ၎င်းတို့၏လုပ်ဆောင်ချက်များနှင့် CSO များအချင်းချင်း၏ ပေါင်းစည်းမှုအားအပေါ် သုံးသပ်တင်ပြထားသည်။

### ၂.၁။ ပင်မငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ဆက်စပ်သော CSOများ၏ အခန်းကဏ္ဍဆိုင်ရာ ဆွေးနွေးချက်များ

ပင်မအစီရင်ခံစာ၏ ဖော်ပြချက်အရ CSO များမှာ UPC ၊ UPDJC နှင့် JICM တို့ အပါအဝင် ပင်မငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်များတွင် အရပ်ဘက်အဖွဲ့အစည်းများ (CSO) များသည် ဘေးဖယ်ထားခြင်းခံရပြီး ဆွေးနွေးပွဲများတွင် လေ့လာသူ အဖြစ်သာ ပါဝင်ကြရသည်။ သို့မဟုတ်လျှင် နိုင်ငံရေးပါတီ(သို့) EAOs များ၏ ကိုယ်စားလှယ်အဖြစ်သာ ပါဝင်ခွင့်ရရှိကြသည်။ လုံခြုံရေးကဏ္ဍမှလွဲ၍ အခြားကဏ္ဍများတွင် နားလည်တတ်ကျွမ်းမှု လိုအပ်ချက်များရှိနေခြင်းကြောင့် EAOs နှင့် နိုင်ငံရေးပါတီ များသည် CSOs များ၏ စွမ်းဆောင်ရည်နှင့်မူဝါဒဆိုင်ရာ အဆိုပြုချက်များ တင်သွင်းနိုင်မှုအပေါ် အားထားရမှုများရှိနေသည်။ သို့သော်လည်း CSOs များအတွက် ပင်မငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပိုမိုကျယ်ပြန့်စွာပါဝင်နိုင်ရန် ဤကဲ့သို့သော လမ်းကြောင်းများသာ ရှိနေခြင်းဖြစ်သည်။ နောက်တစ်ချက်မှာ အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ဖိုရမ်များ (UCCPF) သည် UPDJC ၏ တင်းကြပ်စွာ ထိန်းချုပ်မှုနှင့် တပ်မတော်၏ဟန့်တားမှုများကို ခံနေရသည်ဟူ၍ CSO များ ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်တွင် ပါဝင်မှု အခန်းကဏ္ဍကို တွေ့ရှိရသည်။

ရှေ့ဖော်ပြပါ ဆွေးနွေးချက်များတွင်မူ ပင်မငြိမ်းချမ်းရေးလုပ်ငန်းစဉ် (Mainstream Peace Process) ၏ လိုအပ်ချက်များ၊ အားနည်းချက်များ နှင့် ပတ်သတ်သည့် ဆွေးနွေးချက်များကို တင်ပြခဲ့ပြီးဖြစ်သည်။ ထိုသို့လွဲမှားနေသော သို့မဟုတ် ချွတ်ယွင်း ချက်ရှိနေသော ငြိမ်းချမ်းရေးတည်ဆောက်မှုပုံစံတွင် CSO များအနေဖြင့် ဆက်လက်ပါဝင်လိုစိတ် ရှိ၊ မရှိကို မေးမြန်းခဲ့ရာ ပါဝင် ဆွေးနွေးသူများက ဆက်လက်ပါဝင်လိုသောဆန္ဒရှိသည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။ "*ဒါဟာ ဒီတိုင်းပြည်အတွက် ပေါင်းစည်းမှု ဆိုင်ရာ ထွက်ပေါက်တစ်ခုပဲ။*"ဟူ၍ ဆက်လက်ပါဝင်လိုကြောင်းကို ပြောကြားခဲ့သည်။ အဆိုးထဲမှအကောင်းဟုဆိုရပါလျှင် လွဲမှားချက်၊ လိုအပ်ချက်များရှိနေသော ပင်မငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်သော UCCPF မှာ ပင်မငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ တရားဝင်လမ်းကြောင်း တစ်ခုဖြစ်သည့်အတွက် တရားအဆိုပြုမှုများကိုပြုလုပ်နိုင်သည်။ ထို့အတွက်ကြောင့် တရားဝင် အတည်ပြု ချက်များရနိုင်သည်ဟုဆိုသည်။ "*ရထားတဲ့ Space ကိုလည်း ဆက်ယူရမှာပဲပေါ့။ UCCPF ရဲ့ Track 2 အနေနဲ့ UCCPF ရဲ့ Role ကိုဆက်သွားရမှာပဲ။ အဲဒီအထဲမှာရှိနေပြီးတော့မှပဲ အခုလို Framework အပြောင်းအလဲတွေဘာတွေဖြစ်ဖို့လည်း ကိုယ်ကအထဲထဲ ကနေ ပြန်တွန်းရမှာပေါ့။ အထဲကနေ တွန်းရမယ်၊ အပြင်ကနေလည်း ပြောရမှာပေါ့။ အဲဒီလို အထဲအပြင် Role ပေါ့။*"ဟူ၍ နောက်ထပ်တက်ရောက်သူတစ်ဦးမှလည်း ဆိုလေသည်။

### ၂.၂။ CSFoP နှင့် UCCPF ဆိုင်ရာ ဆွေးနွေးချက်များ

UCCPF မှာ တရားဝင် ငြိမ်းချမ်းရေးလမ်းကြောင်းကို ပံ့ပိုးကူညီသော လမ်းကြောင်း ၂ ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ CSFoP ကို (၂၀၁၂) ခုနှစ်တွင် ငြိမ်း(Shalom) ဖောင်ဒေးရှင်းမှ တည်ထောင်ခဲ့ခြင်းဖြစ်သည်။ CSFoP ၏ အဓိကလုပ်ငန်းစဉ်မှာ CSOs များ ပင်မငြိမ်းချမ်းရေးဖိုရမ်တွင် ပါဝင်နိုင်စေရန်အပြင် (informal) လမ်းကြောင်းတစ်ခုအနေဖြင့် ဆောင်ရွက်ပေးရေးဖြစ်သည်။ ထို့ကြောင့် CSFoP ၏ ငြိမ်းချမ်းရေးစားပွဲဝိုင်းတွင် ပါဝင်ဆွေးနွေးသူများသည် Informal လမ်းကြောင်းဖြစ်သည့်အတွက် ပို၍ လွတ်လပ်စွာဆွေးနွေးနိုင်သည်။ တက်ရောက်ကြသော CSO များ ဆွေးနွေးရန်အတွက် ဆွေးနွေးရန် ခေါင်းစဉ်ကို UCCPF ကဲ့သို့ မသတ်မှတ်ထားပေ။ ထို့အပြင် CSFoP နှင့် UCCPF နှစ်ခုမှာ ကိုယ်စားပြုမှုအရ ကွာခြားချက်ရှိသည်။ CSFoPမှာ တက်ရောက် ကြသော တိုင်းရင်းသားတို့နေထိုင်ရာဒေသများနှင့် ပဋိပက္ခဒဏ်ကိုတိုက်ရိုက်ခံစားရသောဒေသများမှ CSO များ၏ ယုံကြည်ချက် ကို ပိုမိုရရှိသည်။ ထို့ကြောင့် ၎င်း CSO များနှင့်ချိတ်ဆက်မှု ပိုမိုကောင်းမွန်စွာပြုလုပ်နိုင်သည်။ တစ်ဖက်တွင်မူ UCCPF ကို တက်ရောက်ကြသော CSO များတွင် ကဏ္ဍမျိုးစုံမှ ကိုယ်စားပြုသူများပါဝင်သည်။ ထို့ကြောင့် ဆွေးနွေးသူတို့သုံးသပ်တင်ပြချက်အရ ဆိုလျှင် **UCCPF နှင့် CSFoP မှာ မိမိတို့အသီးသီး၏ အားနည်းချက်နှင့်အားသာချက်များကို အချင်းချင်း အပြန်အလှန် အသိအမှတ် ပြုရန် လိုအပ်ချက်ရှိနေသည်**ဟု ဆိုသည်။

**ဇယား ၁ - UCCPF နှင့် CSFOP ၏ ကွာခြားချက်များ**

| | UCCPF | CSFoP |
|---|---|---|
| **လမ်းကြောင်း ၁ ငြိမ်းချမ်းရေး လမ်းကြောင်း နှင့် ဆက်စပ်မှု** | Formal အခင်းအကျင်းဖြင့် ကျင်းပသော တွေ့ဆုံဆွေးနွေးပွဲ၊ ဖိုရမ်များ။<br><br>UPDJC ကော်မတီများမှာ UCCPF မှရရှိသော တင်ပြချက်များကို စုစည်းရယူပေးရန် တာဝန်ရှိသည်။ | Formal အခင်းအကျင်းဖြင့် ကျင်းပသော တွေ့ဆုံဆွေးနွေးပွဲ၊ ဖိုရမ်များဖြစ်ပြီး ဆွေးနွေးချက်များမှထွက်ရှိလာသော အကြံပြုချက်၊တိုက်တွန်းချက်စသော အရေးဆိုမှုများကို အိတ်ဖွင့်ပေးစာများနှင့် အခြားသောအရေးဆိုမှုဆိုမှုနည်းလမ်းများကို အသုံးပြုသည်။ |
| **လုပ်ငန်းစဉ်** | UPDJC မှတရားဝင်ချမှတ်ထားခြင်းဖြစ်သည် (UCCPF အဖွဲ့ဝင်များက ဤလုပ်ငန်းစဉ်နှင့် ပတ်သက်သော UPDJC ၏ ကန့်သတ်မှုများကို ထောက်ပြပြောဆိုခဲ့ကြသေးသည်။)<br><br>ယခုအချိန်တွင်မူ UCCPF မှ UPDJ သို့ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေး"၊ "ဖယ်ဒရယ်စီးပွားရေး" နှင့် "သဘာဝပတ်ဝန်းကျင်နှင့် ဘေးအန္တရာယ်ကာကွယ်တားဆီးရေး"နှင့် ပတ်သက်သော စာတမ်းများနှင့်ပတ်သက်၍သာ တင်ပြနိုင်သည်။ | လုပ်ငန်းစဉ်(Agenda)ကို ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နိုင်သည်။ |

## ၂.၃။ CSO များ အချင်းချင်း စည်းလုံးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေးချက်များ

ပင်မအစီရင်ခံစာ၏ အခန်း ၂ ကိုဖတ်ရှုပါလျှင် CSO များသည် မိမိတို့ကိုယ်စီ၏လုပ်ငန်းများကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် အဟန့်အတားဖြစ်စေသည့်အချက်များမှာ အုပ်စုတွင်းအစုအဖွဲ့ကွဲမှုနှင့် အချင်းချင်းညှိနှိုင်းဆောင်ရွက်မှုမရှိခြင်းတို့ဖြစ်သည်။ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်သူ CSO များသည် မိမိတို့ CSO အချင်းချင်းကြား ပူးပေါင်းဆောင်ရွက်မှု အားနည်းသည်ကို ၎င်းတို့ကိုယ်တိုင် သတိပြုသုံးသပ်မိသည်ဟုဆိုကြသည်။ ထိုအကြောင်းအရာနှင့်ပတ်သတ်၍ ထပ်မံဆွေးနွေးချက်မှာ အောက်ပါ အတိုင်းဖြစ်ပါသည်။

ပင်မငြိမ်းချမ်းရေးတည်ဆောက်သည့်လုပ်ငန်းစဉ်တွင် ပါဝင်ခဲ့ကြသော CSO များကွဲခြင်းကို အစပြုစေသည့်အရာမှာလည်း မတူညီသော သဘောသဘာဝနှင့် တစ်ပေါင်းတစ်စည်း မဖြစ်သည့်သဘောတရား (disorganized) ဖြစ်သည့် လက္ခဏာရပ်ကို လစ်လျူရှုကာ တစ်သားတည်းဖြစ်စေရန်ရည်ရွယ်သော အဖွဲ့တစ်ခုတည်းဖြစ်အောင် သတ်မှတ်လိုက်ခြင်းပင်ဖြစ်သည်။ ငြိမ်းချမ်းရေးကို ဦးတည်လုပ်ဆောင်နေကြသော CSO များမှာ ၎င်းတို့၏အရပ်ဘက်ပြည်သူများ၏ လိုအပ်ချက်နှင့် နိုင်ငံရေးရေချိန်အပေါ်လိုက်၍ တုန့်ပြန်လုပ်ဆောင်ရသည် ဖြစ်သောကြောင့် လုပ်ဆောင်ချက်များ တစ်ဒေသနှင့်တစ်ဒေသ တူညီမှုဖြစ်တန်စွမ်းမှာ မမြင့်မားနိုင်ချေ။ သို့သော်လည်း ပါဝင်တက်ရောက်ကျသူတို့ဆွေးနွေး ကြသည်မှာ အရပ်ဘက်အဖွဲ့အစည်း (CSO) များမှ မိမိတို့၏ ယုံကြည်ချက်၊ မတူညီသောဦးတည်ချက်များကိုသာ အာရုံစိုက်နေကြပြီး အခြားသောအဖွဲ့အစည်းများနှင့် ပူးပေါင်းရန် သတိမဝင်ကြပေ။ CSO အဖွဲ့ဝင်များကြားရှိ အသက်အရွယ်ကွာခြားမှုကလည်း ပူးပေါင်းမှုကို အဟန့်အတားဖြစ်စေသည်။ ယုတ်လျော့စေသည်။ ထို့အပြင်ဘာသာအချင်းချင်းကြား ပေါင်းစည်းညီညွတ်အောင် ရည်မှန်းဆောင်ရွက်သည့်အဖွဲ့အစည်းအချို့ကို ဦးဆောင်သူ သက်ကြီးပိုင်းအချို့၏ သဘောထားလွဲမှုများရှိနေခဲ့သည်။ "*ဘာသာရေးမတူတဲ့ပွဲတွေ ဘာသာမတူတဲ့ အဖွဲ့အစည်းတွေအတူ ပူးပေါင်းလုပ်ဆောင်တဲ့အပိုင်းမှာ အခက်အခဲရှိတယ်။ ပြီးတော့ လူငယ်လူကြီးမတူတဲ့အပိုင်းမှာလည်းရှိတယ်။ ဥပမာ- ဘာသာငါးမျိုးစုပြီးတော့ knowledge sharing ပွဲလုပ်ချင်တာ လူကြီးတွေက မလုပ်ချင်ဘူး။ လူငယ်တွေက ပေါင်းစည်းပြီး လုပ်စေချင်တယ်။*"ဟူ၍ တက်ရောက်ဆွေးနွေးသူတစ်ဦးမှ မိမိ၏အတွေ့အကြုံကို ရှင်းလင်းခဲ့သည်။ ထိုအကြောင်းအရာများကို သုံးသပ်ကြည့်ပါလျှင် **CSO အချို့၏ ဘုံတန်ဖိုးထားမှု (Shared Values) အားနည်းနေမှုမှာ CSO များ အချင်းချင်း ပေါင်းစည်းမှု အားနည်းနေမှု၏ အကြောင်းအရင်းတစ်ရပ်အဖြစ် သတ်မှတ်နိုင်**သည်။ CSO များမှာ လက်ရှိအချိန်တွင် မိမိတို့အချင်းချင်း စည်းလုံးမှုပျက်ပြားနေတာကို သိရှိသော်လည်း ထိုကဲ့သို့ စည်းလုံးမှုပျက်ပြားစေခြင်း၏ အဓိကအခြေခံအကြောင်းအရင်းကို ရှာဖွေရန်နှင့် မိမိတို့အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အားကောင်းအောင် ကြိုးစားမှုများပြုလုပ်ရန် သတိမေ့လျက်ရှိနေကြသည်။

အရပ်ဘက်လူ့အဖွဲ့အစည်းများကို ပေါင်းစည်းမှုအားနည်းအောင်ပြုလုပ်နေသည့် နောက်ထပ်အကြောင်းအရင်းမှာ CSO များအား ပံ့ပိုးကူညီသော အလှူရှင်များ (Donor) များ ဖြစ်သည်။ ပင်မအစီရင်ခံစာ၏ အခန်း-၂ တွင်လည်း အလှူရှင်များ၏ တင်းကြပ်သော၊ အဓိကအားဖြင့် ၎င်းတို့ပံ့ပိုးပေးနေသောဒေသများနှင့် ဆီလျော်သင့်တော်သောမူဝါဒများ ချမှတ်ထားခြင်းမရှိနေခြင်း၊ ထိုသို့ မြင့်မား

သည့်လိုအပ်ချက်များကြောင့် နည်းပညာပိုင်းဆိုင်ရာ ပိုမိုကျွမ်းကျင်မှုရှိသော ရန်ကုန်အခြေစိုက် CSO များကသာ အသာစီးရ၍ ထောက်ပံ့မှုများ ပိုမိုလက်လှမ်းမီနေသည့် အပြင် ထိုရန်ကုန်အခြေစိုက် CSO များမှ တိုင်းရင်းသားဒေသများကို နယ်ချဲ့သည့်အသွင် ဆောင်လာကြကြောင်း တစ်စိတ်တစ်ပိုင်းဖော်ပြပြီးဖြစ်ပါသည်။ ယခုကျင်းပပြုလုပ်ခဲ့သော အလုပ်ရုံဆွေးနွေးပွဲတွင်လည်း ဤအကြောင်းအရာများကို ထပ်လောင်းပြောဆိုခဲ့ကြသည်။ ထပ်တိုးတင်ပြချက်များအရ **ထိုအခြေအနေများသည် ရန်ကုန်အခြေစိုက် CSO များနှင့်တိုင်းရင်းသားအခြေစိုက် CSO များကြား တင်းမာမှု၊ ပြိုကွဲမှုများ ဖြစ်စေသည်သာမကပဲ ရန်ကုန်အခြေစိုက် CSO များ အချင်းချင်းကြားတွင်လည်း ပြိုင်ဆိုင်မှုအားများသောကြောင့် တင်းမာမှုများ ဖြစ်စေသည်။** ဤကဲ့သို့ပင် CSO များ အချင်းချင်းကြား ရင်ကြားစေ့ရန် သို့မဟုတ် ပူးပေါင်းရန်ဟူသောကိစ္စမှာ လိုအပ်ချက်တစ်ခုအနေနှင့် ထွက်ပေါ်လာခဲ့သည်။ ဖြည့်ဆည်းရန် ခက်ခဲသော အလှူရှင်များ၏ လိုအပ်ချက်မှာလည်း CSO များအား အကျင့်ပျက်လာအောင် တွန်းအားပေးရာကျလေသည်။

## ၂.၄။ ပြည်သူ့စစ် (Militias) များနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေးချက်များ

ပြည်သူ့စစ်များသည် ခေတ်အဆက်ဆက်အစိုးရများနှင့် တိုင်းရင်းသားနိုင်ငံရေးအုပ်စုများ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့များအကြား နိုင်ငံရေးစစ်ရေး အခြေအနေများ၊ လိုအပ်ချက်များအရ ပေါ်ပေါက်လာခြင်းဖြစ်သည်။ထို့ကြောင့် ပြည်သူ့ စစ်များတွင် တပ်မတော်လက်အောက်ရှိ ပြည်သူ့စစ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်များ၏ လက်အောက်တွင်ရှိသော ပြည်သူ့ စစ်များဟူ၍ရှိသည်။ တပ်မတော်နှင့်ဆက်နွယ်သော ပြည်သူ့စစ်များကို CSO များအနေဖြင့် ချဉ်းကပ်ရန်ခက်ခဲသည့် အခြေအနေ များရှိသည်ဟုဆိုကြသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့မှာ သက်ဆိုင်ရာစစ်တိုင်းမှူးများ၏ ကွပ်ကဲမှုအောက်တွင်ရှိနေသော ကြောင့် ဖြစ်သည်။ ထို့အပြင် အချို့သော ပြည်သူ့စစ် (တရားဝင် လက်မှတ်မရေးထိုးရသေးသော EAO များနှင့် သက်ဆိုင်သော ပြည်သူ့စစ်များ) နှင့် ပူးပေါင်းမှုများပြုပါက မတရားအသင်းဥပဒေနှင့် တရားစွဲဆိုခံရနိုင်သည်။

# အပိုင်း (၃)

## အလှူရှင်များနှင့် ပတ်သက်သော အကြောင်းအရာများဆိုင်ရာ ဆွေးနွေးချက်များ

ယခုအပိုင်းတွင် အလှူရှင်များ၏လိုအပ်ချက်များနှင့် CSO များအပေါ် ၎င်းတို့၏သက်ရောက်မှုများဆိုင်ရာ ဆွေးနွေးချက်များ ပါဝင်သည်။

### ၃.၁။ အလှူရှင်များ၏ လက်ရှိအခြေအနေ

**ငြိမ်းချမ်းရေးနှင့်ပတ်သတ်သော ထောက်ပံ့မှုများကို မည်သည့်အဖွဲ့အစည်းဆီသို့စီးဆင်းသင့်သည်ကို ဆုံးဖြတ်ချက်ချသည့် နိုင်ငံအဆင့်ဘုတ်အဖွဲ့တွင် CSO ကိုယ်စားပြုမှုမပါဝင်ပါ။ ဤအချင်းအရာမှာ နိုင်ငံအဆင့်တွင်သာမဟုတ်ပဲ ငြိမ်းချမ်းရေးပူးပေါင်းရန်ပုံငွေအဖွဲ့ (JPF) ၏အပါအဝင် မြန်မာနိုင်ငံကိုကူညီထောက်ပံ့မှုအကြီးစားများ ပြုလုပ်လျက်ရှိသော အဖွဲ့အစည်းအချို့၏ဆုံးဖြတ်ချက်ချသော ယန္တယားမှာလည်း အလားတူပင်ဖြစ်သည်။** ဆိုလိုသည်မှာ CSO များမှ တင်သွင်းသော အဆိုပြုလွှာများမှာ ထိုဘုတ်အဖွဲ့ဆီသို့ ပထမဦးဆုံးရောက်ရှိသည်ဖြစ်သော်လည်း ငြိမ်းချမ်းရေးကိုတည်ဆောက်နေကြနေသော အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ကိုယ်စားပြုမှုမပါဝင်သဖြင့် ထိုဘဏ္ဍာငွေစီးဆင်းမှု ဆုံးဖြတ်ချက်များမှာ လိုအပ်ချက်များနှင့် ထိရောက်မှုမရှိခြင်းများဖြစ်ပေါ်နေသည်။ ဒုတိယတစ်ချက်မှာ အလှူရှင်များကိုယ်၌မှာလည်း မြန်မာနိုင်ငံ၏ဒေသအသီးသီး၏အကြောင်းအရာများနှင့် ပတ်သက်၍လည်း သိရှိမှုအားနည်းနေခြင်းဖြစ်သည်။ ထို့ကဲ့သို့ အောက်ခြေအခြေအနေကို သိရှိအောင်ပြုလုပ်ရန်အတွက်လည်း ၎င်းအလှူရှင်များမှ ခန့်အပ်ထားသော ဝန်ထမ်းအင်အားမှာလည်း အလုံအလောက်မရှိပါ။ အလှူရှင်များသည် လက်ရှိ အခြေအနေတွင်အောက်ခြေ၌ ဖြစ်ပေါ်နေသော အခြေအနေအကြောင်းအရာများကို လုံလောက်စွာသိရှိနေခြင်းမရှိသည့်အတွက် ထိုသက်ဆိုင်ရာဒေသ၏ ပဋိပက္ခရေချိန်ကိုပါ ဆင်ခြင်သုံးသပ်နိုင်မှု အားနည်းလေသည်။ ဆက်စပ်၍ ဆွေးနွေးကြသည်မှာ **အလှူရှင်များသည် ငြိမ်းချမ်းရေးနှင့်ပတ်သက်သော ထောက်ပံ့မှုများပြုလုပ်ရာတွင် တရားဝင်ငြိမ်းချမ်းရေးလမ်းကြောင်းရှိ ကိစ္စရပ်များကိုသာ ဦးတည်၍ ထောက်ပံ့ကြပြီး တရားဝင်လမ်းကြောင်း ပြင်ပငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် ပတ်သက်သောကိစ္စရပ်များကိုမူ ထောက်ပံ့မှုအားနည်းနေ၍ လစ်လျူရှုထားသကဲ့သို့ ဖြစ်နေသည်။** ထို့အပြင် မှတ်ပုံတင်ထားသော CSO များမှာ အထောက်အပံ့ပေးများကို ပိုမိုလက်လှမ်းမီကြ သဖြင့် အပစ်အခတ်ရပ်ဆဲရေး လက်မှတ်မရေးထိုးရသော တိုင်းရင်းသားလက်နက်ကိုင်များရှိသည့်ဒေသများတွင်ရှိသော CSO များအဖို့ အခက်အခဲရှိစေသည်။ အလှူရှင်များရှုထောင့်မှ စဉ်းစားမည်ဆိုပါကလည်း ၎င်းတို့မှာ နိုင်ငံတိုးတက်ရေးအတွက် ထောက်ပံ့ပေးနေကြသော အဖွဲ့အစည်းများဖြစ်ကြသဖြင့် ပွင့်လင်းမြင်သာသော အဖွဲ့အစည်းနှင့်လက်တွဲလုပ်ရန် ပို၍အားသန်ကြသည်။ မှတ်ပုံတင်ထားသောအဖွဲ့အစည်းများမှာ မိမိတို့၏လုပ်ဆောင်ချက်များကို စနစ်တကျ မှတ်တမ်းတင်ထားရှိရသဖြင့် အလှူရှင်များထံမှ ပို၍ယုံကြည်မှုရရှိနိုင်သည်။ **အချို့သော အလှူရှင်များသည် CSO များအပေါ် အမြတ်ထုတ်သည့်သဘောမျိုးပြုလုပ်နေသည်**ကို တွေ့ရှိရသည်။ ပါဝင်ဆွေးနွေးသူတစ်ဦးမှ ပြောကြားသည်မှာ CSO တစ်ခုမှတင်ပြသော ထောက်ပံ့မှုတောင်းဆိုသည့် အဆိုပြုချက်အစီရင်ခံလွှာတွင်ပါရှိသော အကြံဉာဏ်များကိုယူ၍ ၎င်း(အလှူရှင်)တို့ ချမှတ်ထားသော မူဝါဒများနှင့် ကိုက်ညီအောင် ပိုမိုဆောင်ရွက်နိုင်သော CSO များကို အကောင်အထည်ဖော်စေ၍ မူလအကြံဉာဏ်ပိုင်ရှင် CSO များကိုမူ ၎င်းတို့ လိုအပ်သော မူဝါဒသတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိပါဟုဆိုကာ ထောက်ပံ့မှုပေးအပ်ခြင်း မပြုလုပ်ခြင်းများရှိနေသည်ဟူ၍ ဆိုသည်။

### ၃.၂။ အရပ်ဘက်လူ့အဖွဲ့အစည်း (CSO) များအပေါ် အလှူရှင်များ၏ သက်ရောက်မှု

အရပ်ဘက်လူ့အဖွဲ့အစည်း(CSO)များအပေါ် အလှူရှင်များ၏သက်ရောက်မှုကို ဆွေးနွေးကြရာတွင် တွေ့ရှိချက်တစ်ခုမှာ အလှူရှင်များဘက်မှ ဒေသဆိုင်ရာ ကိစ္စရပ်များကို ပိုမိုသိရှိရန် သုတေသနပြုလုပ်လေ့လာမှုအားနည်း မှုရှိသည်။ ထို့ကြောင့် ၎င်းဒေသများတွင် အလှူရှင်များထောက်ပံ့မှုမှာ ဒေသ၏လိုအပ်ချက်နှင့် ကိုက်ညီဆီလျော်မှုမရှိသဖြင့် တစ်ခါတရံ အထောက်အပံ့ပေးရာမကျ ဖြစ်ရသည်။ "*local က run ဖို့အတွက် အခုဆွဲထားကြတဲ့ methodology ပြောင်းဖို့လိုတယ်၊ funding approval board မှာ ပြောင်းဖို့လိုတယ်။ peace နဲ့ပတ်သတ်ပြီး ဒေသက ဘာ Issue ဖြစ်နေလဲ သုတေသနကောက်ပါ။ လုပ်ပါ။ ဒေသခံအဖွဲ့တွေကို အသုံးပြုပါ (သုတေသနလုပ်တဲ့အချိန်မှာ) ဘာလိုလဲဆိုရင်း ဒေတာအများတွေယူပြီး ဖုံးလာချသလိုဖြစ်တယ်။ ဘာပဲဖြစ်ဖြစ် သူတို့ဆီကနေ နည်းပညာ assistantance ကတော့လိုတယ်။*" ဟူ၍ အလှူရှင်များ၏ နည်းပညာပိုင်းဆိုင်ရာပံ့ပိုးကူညီမှုကို အသိအမှတ်ပြုသော်

လည်း ၎င်းတို့၏လစ်ဟာမှုကို ပါဝင်ဆွေးနွေးသုံးသပ်သူတစ်ဦးမှ ထောက်ပြလေသည်။ အလှူရှင်များ၏ သုတေသနပြုလုပ်မှု အားနည်းခြင်း၏ နောက်ဆက်တွဲ သက်ရောက်မှုတစ်ခုမှာ အလှူရှင်များမှ အဆိုပြုလွှာလျှောက်ထားကြသော CSO များပေါ် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့် သက်ဆိုင်သည်။ လှူရှင်များ၏အဆိုပြုလွှာများကို ခေါ်ယူသည့်ကာလမှာ တိုတောင်းသဖြင့် အဆိုပြုလွှာတင်သွင်းရန်တွင် အသုံးပြုရသည့် မြန်မာစာနှင့် အင်္ဂလိပ်စာမကျွမ်းကျင်ကြသော၊ အထူးသဖြင့် တိုင်းရင်းသားဒေသများရှိ CSOများအတွက် အခက်အခဲဖြစ်စေသည်။ အဆိုပြုချက်ကိုတင်သွင်းရာတွင်လည်း အွန်လိုင်းမှတစ်ဆင့်ပေးပို့ရသည်ကများသဖြင့် တယ်လီဖုန်းဆက်သွယ်မှုကွန်ရက်ဖြန့်ကျက်မှု အားနည်းသော ဒေသများတွင် နှောက်နှေးမှုများရှိနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ ၎င်းအချက်အများအပြင် ပါဝင်ဖြေဆိုသူတို့အတွေ့အကြုံအရဆိုလျှင် အလှူရှင်များမှာ အဆိုပြုလွှာများနှင့် သက်ဆိုင်သော မူဝါဒပြင်ဆင်ချက်များကို မကြာခဏဆိုသလိုပြုလုပ်ကြပြီး မူဝါဒအဟောင်းလက်ထက်မှတင်သွင်းခဲ့သော အဆိုပြုလွှာများကို ပြင်ဆင်ချက်ပြုလုပ်ထားသော မူဝါဒများနှင့် ချိန်ကိုက်ကာ ကိုက်ညီမှုမရှိဟူ၍ ထိုအဆိုပြုလွှာများကို ပယ်ချခဲ့သည့် အဖြစ်အပျက်များလည်း ရှိခဲ့သည်။ ထို့အပြင် ပြောင်းလဲခြင်းဆိုင်ရာသီအိုရီ (Thoery of Change) ကို CSO အများအပြားမကျွင့်သုံးနိုင်သည်မှာလည်း နည်းစနစ်များနှင့် စွမ်းရည်လိုအပ်ချက်များရှိသည်ကြောင့်လည်း ဖြစ်သလို အလှူရှင်များမှ သတ်မှတ်ထားသော စီမံကိန်းကာလမှာ တိုးတောင်းသောကြောင့်ဖြစ်သည်ဟုဆိုကြလေသည်။

အလှူရှင်များနှင့်ပတ်သက်သော အကြောင်းအရာများနှင့် ဆက်စပ်၍ CSO ကွန်ရက်များအကြောင်းကိုလည်း ဆွေးနွေးကြသည်။ အလှူရှင်များ၊ ဥပမာအားဖြင့် UNDP ၏ အထောက်အပံ့နှင့် ၎င်း၏လမ်းညွှန်မှုဖြင့်ပြုလုပ်သော ကွန်ရက်များမှာမူ နိုင်ငံတော်အစိုးရ၏ လွှမ်းမိုးမှု (သို့မဟုတ်) နိုင်ငံတော် အစိုးရ၏ အာဘော်ပါဝင်နေသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းအဖွဲ့အစည်းများမှာ အစိုးရနှင့် နားလည်မှုစာချွန်လွှာလက်မှတ်ထိုးထားသူများဖြစ်သည့် အားလျော်စွာ အစိုးရမှချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့် အညီဖြစ်သော တစ်နည်းအားဖြင့် နိုင်ငံတော်အစိုးရနှင့် မဆန့်ကျင်သော CSO အကျိုးပြုလုပ်ငန်းများကိုသာ ပံ့ပိုးကူညီကြလေသည်။ ထို့ကြောင့် **၎င်းအလှူရှင်များမှပြုလုပ်သော ကွန်ရက်များမှာမူ ပြည်သူများကို ဦးတည်ခြင်း (Civilian Centered) အပြည့်အဝမဟုတ်သဖြင့် ထိရောက်မှုမရှိပေ။** ထိုကွန်ရက်များအပြင် လက်ရှိတည်ရှိလျက်ရှိသော CSO ကွန်ရက်များသည်လည်း အဖွဲ့ဝင်များအချင်းချင်း၏ လုပ်ဆောင်ချက်များကို ရှင်းလင်းစွာမသိရသဖြင့် Role conflict များရှိနေသည်ဟု သိရသည်။

# အပိုင်း (၄)

## ပဋိပက္ခဖြစ်စေသည့် အကြောင်းအရာများ

ပင်မအစီရင်ခံစာတွင် မြန်မာနိုင်ငံကို ပဋိပက္ခဖြစ်စေသည့် အကြောင်းအရာများအဖြစ် နိုင်ငံရေးစနစ်၊ ပဋိပက္ခများကို အခွန့်ရှည်စေသည့် စီးပွားရေးမက်လုံးများ၊ လူမျိုး/ဘာသာဆိုင်ရာ ညီမျှစွာပါဝင်ခွင့်မရှိမှုနှင့် အားလုံးသာတူညီမျှစွာ ပါဝင်ခွင့်ရှိသော အမျိုးသားကြန်အင် လက္ခဏာရပ်တစ်ခုမရှိခြင်း၊ ပဋိပက္ခ၏ဆိုးမွေနှင့် လွတ်လပ်မှု၊ ဒီမိုကရေစီနှင့် ဒီမိုကရေစီနည်းလမ်းတကျ တာဝန်ခံမှုမရှိခြင်းဟူ၍ ဖော်ပြပါရှိသည်။ ဤအကြောင်းအချင်းအရာများအပြင် မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးတည်ဆောက်နေကြသောသူများတွင် ကောင်းကျိုးကို အတူတကွလက်တွဲပြုလုပ်သော အလေ့အထ (Cooperative Culture) မရှိခြင်း၊ မိမိရရှိလာသော သတင်းအချက်အလက်ကို ဝေဖန်သုံးသပ်သည့် အလေ့အထမရှိခြင်း၊ ထို့ကြောင့် ပဋိပက္ခ၏အကြောင်းအရင်းခံ ဇစ်မြစ်ကို မသိရှိနေခြင်း၊ Sense of Ownership and Belonginess မရှိနေခြင်း၊ ဘုံတန်ဖိုးထားမှု (Shared Value) မရှိခြင်းတို့ ဖြစ်ကြသည်။ ထို့အပြင် လူမျိုး/ဘာသာဆိုင်ရာ ညီမျှစွာပါဝင်ခွင့်မရှိမှုနှင့် အားလုံးသာတူညီမျှစွာ ပါဝင်ခွင့်ရှိသော အမျိုးသားကြန်အင်လက္ခဏာရပ်တစ်ခုမရှိခြင်းဟုဆိုရာတွင် လူမျိုးနှင့်ဘာသာကိုခွဲခြား၍ ဖော်ပြသင့်သည်ဟု အကြံပြုကြသည်။

အောက်တွင်ဖော်ပြထားသည့် အကြံပြုချက်များက ထိုအကြောင်းအရင်းများကို ထင်ဟပ်စေပါသည်။

**ဇယား ၆။ ပဋိပက္ခဖြစ်စေသော အကြောင်းအရင်းများနှင့် ၎င်းတို့နှင့်ဆက်နွယ်နေသည့် ကိစ္စရပ်များ**

| ပဋိပက္ခကို ဖြစ်ပွားစေသည့်အကြောင်းအရာများ အဓိကပြဿနာရပ်များ | အဓိကပြဿနာရပ်များ |
|---|---|
| နိုင်ငံရေးစနစ် (ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေ အပါအဝင်) | - ငြိမ်းချမ်းရေးသဘောတူညီမှုများ မရှိခြင်း<br>- အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ အပေါ်သဘောတူညီမှုမရှိခြင်း (ဖယ်ဒရယ်စနစ်၊ အရင်းအမြစ်ပိုင်ဆိုင်မှုဆိုင်ရာ ကိစ္စရပ်များအပေါ် သဘောတူညီမှုမရှိခြင်းနှင့် အဆိုပါကိစ္စရပ်များနှင့်ပတ်သက်၍ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြင်ဆင်ရန် လိုမလို ကိစ္စရပ်များ)<br>- လက်ရှိအာဏာရှိသူများက လက်ရှိနိုင်ငံရေးအခြေအနေကို မပြောင်းလဲလိုခြင်း။ |
| စီးပွားရေးမက်လုံးများ | - အရင်းအမြစ်ပိုင်ဆိုင်မှု<br>- မြေယာသိမ်းဆည်းမှု<br>- တရားမဝင်စီးပွားရေးအတွက် ငြိမ်းချမ်းရေးကို သွယ်ဝိုက်ယူထားခြင်း |
| လူမျိုး/ဘာသာ ဖယ်ချန်မှု | - အမျိုးသားရေးကြန်အင်လက္ခဏာ<br>- ကိုယ်ပိုင်စီရင်အုပ်ချုပ်ခွင့်<br>- ဖယ်ချန်အုပ်ချုပ်သောစနစ်<br>- ပြည်သူ့ဝန်ဆောင်မှုများ မညီမျှခြင်း<br>- တရားရေးစနစ် |
| ပဋိပက္ခ၏ အမွေများ | - လက်နက်ကိုင်တပ်ဖွဲ့များ အများအပြား ပေါ်ပေါက်လာခြင်း<br>- ရင်ကြားစေ့ရေး |

| | |
|---|---|
| လွတ်လပ်မှု၊ တာဝန်ခံမှုနှင့် တရားဥပဒေ စိုးမိုးမှု မရှိခြင်း | - အပစ်အခတ်ရပ်စဲမှု ချိုးဖောက်မှုများ<br>- ရာဇဝတ်ကောင်များကို အရေးယူနိုင်ခြင်း မရှိသောထုံးစံ<br>- ပြည်သူများအား တိုက်ခိုက်ခြင်း<br>- ပဋိပက္ခများကြောင့် နစ်နာဆုံးရှုံးမှုများကို တာဝန်ယူခြင်း |
| အခြား | - မီဒီယာထက်မြက်မှုနှင့် သတင်းအမှားများဖြန့်ဝေခြင်း<br>- ကျား - မ ရေးရာနှင့် အသက်အရွယ်အပိုင်းအခြားပေါ်မူတည်၍ ခွဲခြားဆက်ဆံခြင်းနှင့် ညီမျှမှုမရှိခြင်း။<br>- မူးယစ်ဆေးဝါးအလွန်အကျွံသုံးစွဲခြင်း |

# အပိုင်း (၅)

## အကြံပြုချက်များ

### ၅.၁။ ငြိမ်းချမ်းရေးတည်ဆောက်ဖွဲ့စည်းမှုပုံစံနှင့် ပတ်သတ်သော အကြံပြုချက်များ

လက်ရှိငြိမ်းချမ်းရေးတည်ဆောက်မှုဖွဲ့စည်းပုံမှာ ပါဝင်ဆွေးနွေးသူတစ်ဦး၏ သုံးသပ်ချက်အရဆိုလျှင် တည်ဆောက်ဖွဲ့စည်းပုံ အစိတ်အပိုင်းများတွင် လိုအပ်ချက်များမဟုတ်ဘဲ "ငြိမ်းချမ်းရေးဗိသုကာအဆောက်အအုံ" (Peace Architecture) တစ်ခုလုံးသည် မှန်ကန်သောလမ်းကြောင်းပေါ်တွင် မရောက်ရှိနေခြင်းဖြစ်ပါသည်။ "*NCA ကို ထိုးပြီးရင် ဘာဆက်ဆွေးနွေးမယ်။ ဘာဆက်လုပ်မယ် ဆိုတာ ပါမလာဘူး။ မပြီးသေးတဲ့အိမ်မှာ အတူဝိုင်းနေကြတော့ ကြာလာတော့ မိုးယိုလာတယ်။ ကြမ်းကျွံလာတယ်။ အိမ်ပြင်ဖို့ကိစ္စ ကို မလုပ်ရဘူး။*"ဟူ၍ ဆိုလေသည်။

သို့အတွက်ကြောင့် တက်ရောက်ဆွေးနွေးကြသော CSO များအား လက်ရှိဖြစ်ပေါ်နေသောအခြေအနေအရ ပြောင်းလဲရန် အဖြစ်နိုင်ဆုံးဖြစ်မည့် ဦးစားပေးပြောင်းလဲရန်သင့်သော အကြောင်းအရာများကို အဆိုပြုစေရာ အောက်ပါအချက်များကို ဦးစားပေး ပြင်ဆင်သင့်သည်ဟူ၍ အဆိုပြုကြသည်။

### ၁။ နည်းပညာပိုင်းဆိုင်ရာကူညီထောက်ပံ့သည့် သီးခြားလွတ်လပ်သော အဖွဲ့အစည်းကို လမ်းကြောင်း-၁ တရားဝင် ငြိမ်းချမ်းရေးလမ်းကြောင်းလုပ်ငန်းစဉ်တွင် ထည့်သွင်းရန်။

ယခုအစီအရင်ခံစာ၏ အပိုင်း-၁ တွင်ဖော်ပြထားချက်များအရ ယခုလက်ရှိ အခြေအနေမှာ UPC တွင် ၎င်းပုဂ္ဂိုလ်များအား နေရာပေးမှုမှာ လုံလောက်မှုမရှိသေးပါ။ ထို့ကြောင့် တရားဝင်ငြိမ်းချမ်းရေးတည်ဆောက်ရေးလုပ်ငန်းစဉ်တွင် တပ်မတော်၊ EAO၊ နိုင်ငံရေးပါတီ စသည်များကို ကိုယ်စားပြုသည့် နည်းပညာရှင်များသာမကပဲ UPC နှင့် UPDJC ၏ လုပ်ငန်းစဉ် လမ်းကြောင်း တည့်မတ်အောင် ပံ့ပိုးကူညီပေးမည့် ပြင်ပနည်းပညာရှင်များပါဝင်သော အဖွဲ့အစည်းတစ်ခု ထည့်သွင်းထားရန် အဆိုပြုကြသည်။ ထို့အပြင် ယခုလက်ရှိ ကိုယ်စားပြုသူ များ ပါဝင်သော နည်းပညာအဖွဲ့ဝင်များ သီးသန့်ဆွေးနွေးနိုင်ရန် အဝန်းအဝိုင်းတစ်ခု ပြုလုပ်ပေးရန်ဖြစ်သည်။

### ၂။ UPDJC ၏ လုပ်ငန်းလမ်းညွှန်ကို ပြင်ဆင်ရန်

မည်သို့သော ပြင်ဆင်ချက်ဟု ထောက်ပြရပါလျှင်မူ UCCPFမှ ဆွေးနွေးချက်များကို UPDJC ၏ လုပ်ငန်းအဖွဲ့တွင် သွားရောက်ဆွေးနွေးနိုင်ရန် လမ်းကြောင်းဖွင့်ပေးရမည့် ဆွေးနွေးချက်ဖြစ်သည်။ UPDJC ၏ ယခုလက်ရှိ လုပ်ငန်းအဖွဲ့တွင် CSO ဘက်မှ ကိုယ်စားပြုအဖွဲ့ဝင်မရှိနေပါ။ ဤကဲ့သို့ ကိုယ်စားပြုခွင့်နှင့် သွားရောက်ဆွေးနွေးခွင့်ရရှိရန်အတွက် CSO များအနေဖြင့် UPDJC ၏ အလုပ်အဖွဲ့တွင်ပါဝင်သော အစိုးရဘက်မှ တာဝန်ရှိသူများကို CSO များ၏ အရေးပါမှုအခန်းကဏ္ဍကို နားလည်စေရန် အရင်ဆုံး ချဉ်းကပ်ရန်ဖြစ်သည်။ သိရှိရသည်မှာ ဒုတိယအကြိမ်မြောက်ပြုလုပ်သော ၂၁ရာစုပင်လုံမကျင်းပမီတွင် ဦးနိုင်ငံလင်းမှ UPDJC အဖွဲ့ဝင်များကို UCCPF မှ အဖွဲ့ဝင်အချို့ မိမိတို့တင်ပြလိုသောစာတမ်းများကို UPDJC၏ လုပ်ငန်းအဖွဲ့တွင် လာရောက်တင်ပြ ဆွေးနွေးနိုင်ရန် တောင်းဆိုမှုပြုလုပ်သောကြောင့် UCCPF မှ ကိုယ်စားပြုသူ ၆ ဦး တက်ရောက်ဆွေးနွေးတင်ပြခွင့်ရှိခဲ့သည်။ UPDJC ၏ ယခုလက်ရှိလုပ်ငန်းအဖွဲ့တွင် တရားဝင်ကိုယ်စားပြုခွင့်နှင့် သွားရောက်ဆွေးနွေးခွင့်ရရှိရန်အတွက် ရန်ကုန်တိုင်းဒေသကြီး၊ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းကို ချဉ်းကပ်မှုပြုလုပ်ရန် ယခုသုံးသပ်ဆွေးနွေးပွဲကို တက်ရောက်သူများမှာလည်း ဆန္ဒရှိကြသည်။

### ၃။ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC) တွင် စစ်မှန်သော အရပ်သားကိုယ်စားပြုမှု ဖြစ်စေရန်

လက်ရှိတွင် JMC ၏ အရပ်သားအဖွဲ့ဝင်များမှာ EAO နှင့် တပ်မတော်မှ ၎င်းတို့စိတ်ကြိုက်ရွေးချယ်တင်မြှောက်ထားသာ အရပ်သား ကိုယ်စားလှယ်များသာ ဖြစ်နေသည်။ စစ်မှန်သောအရပ်သားကိုယ်စားပြုမှုဖြစ်ပါက ဘက်လိုက်သောသတင်းပို့မှုများကို အတော် အတန်လျှော့ချနိုင်မည်ဖြစ်ပြီး အရပ်သားများ၏ယုံကြည်မှုကို ပိုမိုရရှိမည်ဖြစ်သည်။

---

[၁] တက်ရောက်ဆွေးနွေးသူများမှာ ဤအကြောင်းအရာနှင့် ပတ်သတ်၍မည်သို့ မည်ပုံဆက်လက်လုပ်ဆောင်နိုင်မည့် အကြောင်းအရာများကို ဆက်လက်မဆွေးနွေးနိုင်ရန် အချိန်အားဖြင့် အကန့်အသတ်ရှိခဲ့သည်။ ဖြစ်နိုင်ချေရှိနိုင်သည့်နည်းလမ်းမှာ ဂွာတီမာလာနှင့် ကိုလံဘီယာနိုင်ငံများပြုလုပ်ခဲ့သည့် နည်းလမ်းဖြစ်သည့် "Historical Clarification" အတွက် ကော်မစ်ရှင်ဖွဲ့ကာ ဆွေးနွေး အဖြေရှာခြင်းနည်းလမ်းဖြစ်သည်။ ၎င်းနည်းလမ်းမှာ ငြိမ်းချမ်းရေးနှင့် ပတ်သတ်ပါဝင်သူအားလုံးပါဝင် သဘောတူရွေးချယ်ထားသော နည်းပညာဆိုင်ရာကျွမ်းကျင်သူများဖိတ်ကြားပြီး ၎င်းကျွမ်းကျင် ပညာရှင်တို့က historical clarification လုပ်ခြင်းဖြင့် ပါဝင်ပတ်သတ်သူများအားလုံးသဘောတူညီသော ပဋိပက္ခတို့ဖြစ်ပွားစေသော အခြေခံအကြောင်းအရင်းနှင့် လမ်းကြောင်းကို သတ်မှတ်ဖော်ထုတ်ခြင်းဖြစ်သည်။

## ၄။ တရားဝင်ငြိမ်းချမ်းရေးတည်ဆောက်မှု လမ်းကြောင်းတွင် ပြုလုပ်လျက်ရှိသော နိုင်ငံရေးဆွေးနွေးပွဲများ၏ ဆွေးနွေးမှုပုံစံ ပြောင်းလဲရန်။

လမ်းကြောင်း-၁ ၏ လက်ရှိဆွေးနွေးမှုပုံစံများမှာ ပိုမို၍ပွင့်လင်းမြင်သာမှုရှိရန်လိုအပ်နေသလို ငြိမ်းချမ်းရေးဆွေးနွေးပွဲ-၂၁ ရာစုပင်လုံ/ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများမကျင်းပမီ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများကို ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ပိုမိုကြေကြေညက်ညက်ပြုလုပ်ရမည်ဖြစ်သည်။ ဆိုလိုသည်မှာ ငြိမ်းချမ်းရေးလမ်းကြောင်းတွင် ပတ်သက်ပါဝင်သူအားလုံးတို့ ကြားနားလည်မှုရရှိအောင် ပြုလုပ်ရမည်ဖြစ်ပြီး နိုင်ငံတွင်းနေထိုင်ကြသော ပြည်သူများမှာလည်း ငြိမ်းချမ်းရေးနှင့်ပတ်သက်သော သိသင့်သိထိုက်ရှိခွင့်ရှိသော သတင်းအချက်အလက်များကို ရရှိနေရန်လိုအပ်သည်။ ထိုသတင်းအချက်အလက်များအနက် အရေးအကြီးဆုံးအချက်မှာ ပဋိပက္ခကိုဖြစ်ပေါ်စေသော ဇစ်မြစ်အကြောင်းအရာကို သိရှိရန်လိုအပ်သည်။

## ၅။ သတင်းအချက်အလက် စီးဆင်းမှုအားကောင်းအောင် ပြုလုပ်ရန်

ငြိမ်းချမ်းရေးလမ်းကြောင်း ၃ ခုလုံးတွင် ပေါင်းစည်းဆောင်ရွက်ရန်အတွက် လိုအပ်သော သတင်းအချက်အလက်စီးဆင်းမှု ရှိနေရန်ဖြစ်သည်။ လက်ရှိအခြေအနေအရ လမ်းကြောင်း-၁ နှင့် လမ်းကြောင်း- ၃ ကြားတွင် ကင်းကွာမှုများရှိနေသည်။ အားလုံးပါဝင်သော ငြိမ်းချမ်းရေးတည်ဆောက်မှု ဖြစ်စေရန်အတွက် ဤအချက်မှာ များစွာလိုအပ်လှသည်။

## ၆။  ပြည်သူ့စစ်များနှင့် ပတ်သတ်သော မူဝါဒများကို SSR DDR လုပ်ငန်းစဉ်တွင် ထည့်သွင်းရန်။

ပြည်သူ့စစ်များသည် သက်ဆိုင်ရာ တပ်မတော်နှင့်တိုင်းရင်းသားလက်နက်ကိုင်များ၏လက်အောက်တွင် မိမိဘာသာရပ်တည်နိုင်ရန်အတွက် ဝင်ငွေရှာဖွေရန် စီးပွားရေးအခွင့်ထူးများရလေ့ရှိသည် သို့မဟုတ် ကျင့်သုံးလေ့ရှိသည့်အတွက် တရားမဝင်စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ပါတ်သက်လေ့ရှိကြောင်း သုတေသနများအရ သိရသည်။ ထို့ကြောင့် ပြည်သူ့စစ်အဖွဲ့အသီးသီးနှင့် ပူးပေါင်းဆောင်ရွက်ပါက ရာဇဝတ်မှုများနှင့်ပတ်သက်သည့် ဥပဒေများဖြင့် အရေးယူခံရနိုင်ချေမြင့်မားသည်။ ထို့ကြောင့် အစိုးရ၊ တပ်မတော်နှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား နိုင်ငံဆွေးနွေးပွဲများတွင် ပြည်သူ့စစ်များကို DDR SSR လုပ်ငန်းစဉ်တွင် ပါဝင်နိုင်စေမည် မူဝါဒများမဖြစ်မနေပါသင့်သည် ။

## ၅.၂။ အရပ်ဘက်လူ့အဖွဲ့အစည်းများ (CSO) နှင့် ပတ်သက်သော အကြံပြုချက်များ

အရပ်ဘက်လူ့အဖွဲ့အစည်းများတို့ မိမိတို့ကိုယ်ကိုယ်သုံးသပ်ချက်များအရ အောက်ပါအကြောင်းအရာများကို CSO များကြားတွင်ကျင့်သုံးသင့်သည်ဟု အကြံပြုခဲ့ကြသည်။

## ၁။ CSO များကြား အခြေခံအုပ်မြစ်အဖြစ် လက်ခံကျင့်သုံးနိုင်သည့် ဘုံတန်ဖိုးထားမှု (Shared Value) များထားရှိရန်။

အပိုင်း (၁) တွင် ဆွေးနွေးချက်များအရ CSOများအချင်းချင်းကြား ပေါင်းစည်းမှုအားနည်းနေခြင်းကို အလုပ်ရုံဆွေးနွေးပွဲကိုတက်ရောက်လာကြသော CSO များက လက်ခံကြသည်။ တစ်ဖက်တွင်လည်း အစိုးရ၏ ပံ့ပိုးမှု၊ အားပေးထောက်ခံမှုတို့ကိုလည်း ရရှိသင့်သလောက်မရှိနေပါ။ ထိုသို့ ကွဲပြားမှုများမှုရှိနေခြင်း၏ အဓိကအကြောင်းအရင်း ဇစ်မြစ်ကိုရှာဖွေကြည့်မည်ဆိုပါက CSO များကြား ဘုံတန်ဖိုးထားမှု မရှိနေခြင်းဖြစ်သည်။ ထိုဘုံတန်ဖိုးထားမှု စံသတ်မှတ်ချက်ဆိုသည်မှာ လူသားတစ်ဦးအနေဖြင့် ထားရှိရန်လိုအပ်သည့် လူသားချင်းစာနာမှု၊  လူသားဆန်မှုနှင့် လူ့အခွင့်အရေးဆိုင်ရာ တနိဖိုးထားမှုများ၊ ဒီမိုကရေစီစံနှုန်း စသောမှန်ကန်ဖြောင့်မတ်သော အတွေးအခေါ်တို့၏ အခြေခံအုတ်မြစ်အနေဖြင့် ရှိသင့်၊ ရှိထိုက်သော စံနှုန်းများကိုသာ အခြေခံခြင်းဖြစ်သည်။ ထို အကြောင်းအရာများကို သတ်မှတ်ရန် CSO များကြား ကင်းမဲ့နေခြင်းဖြစ်သည်။ သို့သော်လည်း "လူသားဆန်သည်" ဟုဆိုရာတွင် ၎င်းဝေါဟာရ၏ ဆိုလို ရင်း အဓိပ္ပာယ်နှင့် CSO များမှာ ဆိုလိုရင်းအစစ်အမှန်ကို အမှန်တကယ်ကျင့်သုံးနေခြင်း ရှိမရှိကို ဆန်းစစ်ရန် လိုအပ်သည်။ "*လူသားဆန်တဲ့ဆိုတဲ့အပေါ် ကျွန်တော်တို့ပြောနေတာတွေ ပြန်စဉ်းစားဖို့လိုတယ်။ ကျွန်တော်တို့ဒေသမှာဆို NGOs တွေများလာ တယ်။ လာပြီး ဝုတ်ပေါ်ထိုင်တယ်။ အုန်းဖောက်စားတယ်။ ဖြုတ်စားတယ်။*" ဟူ၍ ၎င်း၏ဒေသအတွက် စိတ်မသက်သာဖြစ်ရသည့် အခြေအနေကို ပြောကြားလေသည်။

## ၂။ ပဋိပက္ခဖြစ်စေသော အခြေခံအကြောင်းအရင်းကို အားထုတ်ရှာဖွေ ဖော်ထုတ်ရန်

အရပ်ဘက်လူ့အဖွဲ့အစည်းဟုဆိုသည့်အတိုင်း CSOများသည် မိမိတို့၏အခြေစိုက်ရာ နေရာဒေသရှိ ပြည်သူလူထုများ၏ လိုအပ်ချက်များအပေါ်မူတည်၍ လုပ်ဆောင်ကြသည်။ ထို့ကြောင့် CSO အသီးသီးတို့မှာ ပဋိပက္ခတွေ့ကြုံရမှု ပုံစံမှာ မတူနိုင်သလို ပဋိပက္ခကို နားလည်ထားမှုပုံစံမှာလည်း မတူညီနိုင်ပေ။ သို့သော်လည်း ပဋိပက္ခ၏အခြေခံဇစ်မြစ်ကို ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်များကို ပြုလုပ်လျက်ရှိသော CSO များက အထူးသဖြင့် ရှာဖွေဖော်ထုတ်နိုင်ရမည် ဖြစ်သည်။[၁] အားထုတ်ကြိုးပမ်းရမည်ဖြစ်

သည်။ သို့မှသာ CSOအချင်းချင်းကြား သဘောထားတိုက်ဆိုင်မှု လျော့နည်းလာနိုင်သည်။ "*ဥပမာ-ရှမ်း၊ ကချင်မှာဖြစ်ပွားနေတဲ့ conflict တွေ မတူညီနိုင်တော့ ကွဲပြားနိုင်တယ်။ ဒါပေမယ့် ပြဿနာရဲ့ root cause ကို နားလည်နေရင်တော့ နားလည်ပုံကွဲနေစရာအကြောင်းမရှိတော့ဘူး။*" ဟုဆိုသည်။

## ၃။ CSOများ မိမိတို့အဖွဲ့အစည်း၏မူဝါဒများကို အဆင့်မြှင့်တင်ကြရန်

ဤအကြံပြုချက်မှာ အလှူရှင်များမှတောင်းခံသော လိုအပ်ချက်များနှင့် သက်ဆိုင်သည်။ အလှူရှင်များ၏ အချို့သောတောင်းဆိုမှုများသည် ဒေသနှင့်လိုက်လျောညီထွေမှုမရှိသည်မှာ မှန်သော်လည်း အလှူရှင်များမှ မိမိတို့အဖွဲ့အစည်းအား ယုံကြည်နိုင်ရန်အတွက် အခြေခံအားဖြင့် လိုအပ်သောမူဝါဒများနှင့် ယန္တရားများကို ဖော်ဆောင်ကျင့်သုံးသင့်သည်။ ထိုအဆင့်မြှင့်တင်ရန် လိုအပ်သည့် မူဝါဒများအနက်တွင် ဘဏ္ဍာငွေစီမံခန့်ခွဲမှုပိုင်းဆိုင်ရာမူဝါဒနှင့် ယန္တရားများမှာ အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ သို့မှသာ ထောက်ပံ့ငွေများကို ပိုမိုလက်လှမ်းမီနိုင်မည်ဖြစ်သည်။

## ၄။ နည်းပညာပိုင်းဆိုင်ရာ ပိုမိုပြည့်စုံသော CSO များက နည်းပညာအထောက်အကူပံ့ပိုးပေးရန် လိုအပ်သော CSO များ ကို လက်တွဲခေါ်ရန်။

CSO များ အချင်းချင်းကြား၊ အထူးသဖြင့် တိုင်းရင်းသားအခြေစိုက် CSO များနှင့် ရန်ကုန် အခြေစိုက် CSO များကြား ပေါင်းစည်းမှုအားလျော့နည်းစေသော အကြောင်းအရာတွင် အလှူရှင်များမှ နည်းပညာပိုင်းဆိုင်ရာ ပိုမိုပြည့်စုံသော အဖွဲ့အစည်းများကို ဦးစားပေးရွေးချယ်ခြင်းမှာ အဓိကပါဝင်သည်။ သို့သော်လည်း တိုင်းရင်းသားဒေသများရှိCSO အားလုံးတို့မှာ နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုမှာ ရန်ကုန်အခြေစိုက် CSO များထက် အားနည်းသည်ဟုမဆိုလိုပါ။ အဓိကအရေးကြီးသည်မှာ နည်းပညာဆိုင်ရာ ပိုမိုပြည့်ဝကျွမ်းကျင်သော CSO များမှာ ကူညီပံ့ပိုးပေးမှုကိုလိုလားသော CSO များကို လက်တွဲခေါ်ယူရန်ဖြစ်သည်။

## ၅။ CSO များ မိမိ ကိုယ်ကိုယ် မိမိ ပြန်လည်သုံးသပ်ကြရန်။

CSO များအနေဖြင့် မိမိတို့၏ ;တည်ရာ အန္တိမရည်မှန်းချက်နှင့် လက်ရှိလုပ်ဆောင်ချက်များအပေါ် ပြန်လည်သုံးသပ်ရန် လိုအပ်သည်။ ဖက်ဒရယ်အရေးကို ဦးစားပေးလုပ်ကိုင်နေကြသော CSO များအဖို့ ဒီမိုကရေစီအယူအဆကိုအခြေခံထားမှသာ၊ ထိုအုတ်မြစ်ခိုင်မာမှသာ ဖက်ဒရယ်စနစ်ကို ဖော်ဆောက်ရာတွင် ပိုမိုအောင်မြင်မှုရှိမည်ဟု သုံးသပ်အကြံပေးကြသည်။

## ၆။ CSO များအနေဖြင့် အားစိုက်ပြုလုပ်သင့်သော လုပ်ဆောင်ချက် (Activity) များ။

ငြိမ်းချမ်းရေးကို ဦးစားပေးလုပ်ကိုင်နေကြသောCSOများအနေဖြင့် မိမိတို့လက်ရှိပြုလုပ်နေသော စီမံကိန်းများအပြင် အောက်ပါတို့ကိုပါ လုပ်ဆောင်သင့်ကြောင်း အကြံပြုကြသည်။

(၁) တပ်မတော်၏မိသားစုဝင်များနှင့် ငြိမ်းချမ်းရေးတည်ဆောက်ချင်းလုပ်ငန်းစဉ်များကို ကြိုးပမ်းလုပ်ဆောင်ရန်။

(၂) Communal Peacebuilding ကို လူမျိုးနှင့်ဘာသာ ပဋိပက္ခဖြစ်နေသောနေရာများတွင် ပြုလုပ်ခြင်းဖြင့် သဘောထားမတိုက်ဆိုင်မှု၊ နားလည်မှုလွဲမှားခြင်းများကို လျှော့ချရန်။

(၃) မြန်မာနိုင်ငံပညာရေးစနစ်၏ သင်ကြားပို့ချလျက်ရှိသော မြန်မာ့သမိုင်းတွင် ဗမာသူရဲကောင်းများအပြင် တိုင်းရင်းသားအာဇာနည်သူရဲကောင်းများအကြောင်းကိုပါ ထည့်သွင်းခြင်းဖြင့် ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးများ Sense of Ownership and Belonginessကို နှလုံးသွင်းထားနိုင်ကြရန်။

(၄) ဗမာအများစုနေထိုင်သော (ပြည်တွင်းစစ်ဒဏ်ကို တိုက်ရိုက်မခံစားရသော) အညာဒေသများတွင် ဗမာနှင့်အခြားတိုင်းရင်းသားလူမျိုးများကြား လူမှုပေါင်းစည်းရေး (Social Cohesion) သဘောဆောင်သောစီမံကိန်းများ ပြုလုပ်ရန် တို့ ဖြစ်ကြသည်။

## ၇။ UCCPF နှင့် CSFoP မှာ အသီးသီး၏ အားနည်းချက်နှင့်အားသာချက်များကို အချင်းချင်းအပြန်အလှန်အသိအမှတ်ပြုရန်။

ပူးပေါင်းမှုနည်းလမ်းများအရဆိုလျှင် UCCPFနှင့် CSFoP လုပ်ငန်းအစီအစဉ်များတွင် ဆွေးနွေးပွဲအသီးသီးမှရရှိသော ဆွေးနွေးချက်ရလဒ်များကို အပြန်အလှန်ထည့်သွင်းစဉ်းစားခြင်းဖြင့် ပြုလုပ်နိုင်သည်။ နောက်တစ်နည်းမှာ UCCPF ၏ ဆွေးနွေးသည့် ခေါင်းစဉ်အလိုက်တွင် CSFoP မှ နည်းပညာကျွမ်းကျင်သူများက လမ်းပြပံ့ပိုးကူညီပေးခြင်းဖြစ်သည်။

## ၅.၃။ အလှူရှင်များနှင့်ပတ်သက်သော အကြံပေးချက်များ

၁။ အလှူရှင်များ CSO များအပေါ်ချမှတ်ထားသော မူဝါဒလမ်းညွှန်မှုများကို လျှော့ပေါ့ပေးရန်။

ဤအကြံပေးချက်၏ ပထမအပိုင်းမှာ အလှူရှင်များ CSO များအပေါ်ချမှတ်ထားသော မူဝါဒလမ်းညွှန်မှုများကို သက်ဆိုင်ရာဒေသ အခြေအနေနှင့် ကိုက်ညီအောက် ပြုလုပ်ရမည်ဖြစ်သည်။ ထိုသို့ကိုက်ညီအောင် ပြုလုပ်ရန်အတွက် သက်ဆိုင်ရာဒေသအခြေစိုက် CSO များနှင့် ပူးပေါင်းကာ မူဝါဒပြင်ဆင်ချက်များပြုလုပ်ရမည်။ ဒုတိယအပိုင်းမှာ စွမ်းဆောင်ရည်အတန်အသင့်ပြည့်ဝပြီးဖြစ်သော တိုင်းရင်းသားဒေသများရှိ CSO များ၏ကိုယ်ပိုင်မူဝါဒများကို ရေးဆွဲရာတွင် နည်းပညာပိုင်းဆိုင်ရာတွင် ကူညီပေးရန်ဖြစ်ပြီး တတိယတစ်ချက်မှာမူ အလှူရှင်များမှာ ဒေသဆိုင်ရာအကြောင်းအရာကို ပိုမိုသိရှိရန် ကွင်းဆင်းသုတေသနများ ပြုလုပ်ဆောင်ရွက် သင့်သည်။

၂။ အရပ်ဘက်အဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်မှုအတွက် အလှူရှင်အဖွဲ့များက အောက်ပါလုပ်ဆောင်ချက်များနှင့်ပတ်သက်၍ အထောက်အပံ့ ပိုမိုပေးသင့်သည်။

(၁) အရပ်ဘက်အဖွဲ့အစည်းများကွန်ရက်များအားကောင်းအောင် တွန်းအားပေးရန်။ ထိုသို့တွန်းအားပေးရာတွင် ကွန်ရက်အဖွဲ့ဝင်များအချင်းချင်း Role conflict များ လျှော့ချနိုင်ရန် ကူညီပေးသင့်သည်။ နိုင်ငံတကာကွန်ရက်များ၏ ဖွဲ့စည်းတည်ဆောက်ပုံ အားနည်းချက်၊ အားသာချက်များကို ပြည်တွင်းရှိကွန်ရက်များ လေ့လာနိုင်ရန် မျှဝေခြင်းများလည်း ပြုလုပ်ပေးနိုင်သည်။ ကွန်ယက်သစ်များဖွဲ့စည်းရာတွင်လည်း အလှူရှင်များက ဦးဆောင်သည့်နေရာတွင် ပါဝင်မည့် အစား ပံ့ပိုးကူညီသူများအဖြစ် ပိုမိုပါဝင်သင့်သည်။

(၂) ကွန်ရက်အဖွဲ့ဝင် အချင်းချင်းမှသာ တွေ့ဆုံဆွေးနွေးချင်းမဟုတ်ပဲ ဒေသအလိုက် ဒေသအခြေစိုက် CSO များ အချင်းချင်းကိုလည်း ၎င်းတို့အသီးသီး လုပ်ကိုင်လျက်ရှိသော စီမံကိန်းများကို သတင်းပေးစေချင်းဖြင့် လုပ်ဆောင်ချက်ထပ်ခြင်းကို လျှော့ချနိုင်သည်။ တစ်နည်းအားဖြင့် သတင်းအချက်အလက်ဆင်းစီးမှု အားကောင်းအောင် ပြုလုပ်ခြင်းဖြစ်သည်။

(၃) CSO အဖွဲ့အစည်းများပူးပေါင်းလုပ်ဆောင်နိုင်ရန် Consortium Fund များထားပေးရန် လိုအပ်သည်။ သတိပြုရန်လိုအပ်သည်မှာ Consortium Fund များပြုလုပ်ပါက အင်အားကြီးမားသော CSO များကသာ လက်ဝါးကြီးအုပ်မည့် အခြေအနေကိုမည်ကဲ့သို့ စီမံခွဲမည်ကိုပါ ထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။

(၄) CSO များကို အထောက်အပံ့ပေးရာတွင် အလှူရှင်များဘက်မှ တောင်းဆိုမှု၊ လိုအပ်ချက်များ (Requirements) များတွင် အရပ်ဘက်အဖွဲ့အစည်းအချင်းချင်းပူးပေါင်းမှုအလေ့အထရှိခြင်းကို လိုအပ်ချက်တစ်ခုအနေနှင့် ထည့်သင့်သည်။

(၅) ရန်ကုန်အခြေစိုက်အရပ်ဘက်အဖွဲ့အစည်း များနှင့် ပြည်နယ်/တိုင်းအခြေစိုက် အရပ်ဘက် အဖွဲ့အစည်းများ အကြားအထက်အောက် ဆက်ဆံမှုပုံစံကို ပပျောက်အောင် မပြုလုပ်နိုင်သော်လည်း လျှော့ချနိုင်ရန်အတွက် နယ်များတွင် Grant Launch များ ပြုလုပ်ခြင်း၊ အလှူရှင်များနှင့်ဆိုင်သော သတင်းအချက်အလက်များ ဝေငှရာဌာနတစ်ခု တိုင်းနှင့်ပြည်နယ်များတွင်ထားရှိခြင်း၊ Common Space သဘောမျိုးထားရှိပေးခြင်း စသည်တို့ကို ထောက်ပံ့ပေးသင့်သည်။

၃။ ငြိမ်းချမ်းရေးဦးတည်သော လုပ်ငန်းစဉ်များအပြင် ငြိမ်းချမ်းရေးနှင့် ဆက်စပ်သော လုပ်ငန်းများကိုပါ အထောက်အပံ့ ပေးရန်။

ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်ဟုဆိုရာတွင် ဆက်စပ်လုပ်ငန်းများသည်လည်း ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရန် တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုနိုင်သည်။ "*မှန်မှာတော့ စုပြီးလုပ်နေတဲ့ အဖွဲ့တွေတော့ရှိတယ်။ Peace နဲ့ တိုက်ရိုက်သွားနေတဲ့အဖွဲ့နဲ့ လူငယ်၊ food support, Health, education တွေပေါင်းပြီး joint လုပ်ပြီးသွားနေတာရှိတယ်။ (၆) ဖွဲ့လောက်ပါတယ်။ impact ကတော့ အဖွဲ့တွေမတူတော့ သေချာမသိသေးဘူး။Joint အဖွဲ့အတွက် fundingပေးထားတာ သီးသန့်မရှိဘူး။ Peace အဖွဲ့ကိုပေးတဲ့ funding ကနေပဲ စီမံကိန်းကို လုပ်နေတဲ့သဘောပဲ။ တကယ်တော့ joint တစ်ဖွဲ့လုံးကို ပေးတာကောင်းတယ်။*" ဟူ၍ ဆွေးနွေးသူတစ်ဦးမှ အကြံပြုသည်။

၄။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ အရပ်ဘက်အဖွဲ့အစည်းများကို စောင့်ကြည့်ခြင်းဆိုင်ရာလုပ်ငန်းများ (Monitoring)၊ လူမှုပေါင်းစည်းခြင်းဆိုင်ရာလုပ်ငန်းစဉ်များ (Social Cohesion) နှင့် ပဋိပက္ခရေချိန်ကို သုံးသပ်နိုင်သောစွမ်းရည် (Conflict Sensitivity) စသော လုပ်ငန်းများနှင့် ပတ်သတ်သော ထောက်ပံ့မှုများ ပြုလုပ်သင့်သည်။
၅။ လှုပ်ရှားတက်ကြွသူ (Activist) များအား ထောက်ပံ့ပေးမှုကို စဉ်းစားပေးရန်။
အစိုးရနှင့် ဆက်စပ်လျက်ရှိသော အလှူရှင်များမှာ လှုပ်ရှားတက်ကြွသူများဆက်စပ်လုပ်ကိုက်လျက်ရှိသော လုပ်ငန်းများ ဥပမာ- Organization Development နှင့် သက်ဆိုင်သောလုပ်ငန်းများနှင့် ပတ်သက်သောလျှောက်ထားချက် (Proposals) များကို ထောက်ပံ့ငွေပေးလေ့မရှိပါ။ လှုပ်ရှားတက်ကြွသူ (Activist) များ၏ လက်ရှိလုပ်ကိုင်နေသော လုပ်ငန်းများမှာလည်း ငွေကြေး ထောက်ပံ့မှု လုံလောက်စွာမရရှိနေပါ။

လှုပ်ရှားတက်ကြွသူများသည် ပြည်သူ့ဘဝပြောင်းလဲရေး (Social Change) ကို ရည်ရွယ်၍ ပြုလုပ်ကြသော အချို့သောလှုပ်ရှား ဆောက်ရွက်မှုများ (ဥပမာ- ဆန္ဒပြမှုများ) ပြုလုပ်ရသည်မှာ အခြားသောအရေးဆိုမှုများလုပ်ရာတွင် သက်ဆိုင်ရာအာဏာရှိသူများ မှ ထိရောက်စွာတုန့်ပြန်ပေးမှုမရှိသောကြောင့် ဤလမ်းကြောင်းကိုရွေးချယ်ရသည်ကို အလှူရှင်အများစုမှ နားလည် သဘော ပေါက်ထားကြသော်လည်း ထိုကဲ့သို့လှုပ်ရှားမှုများမှာ အစိုးရ၏သဘောထားနှင့်ဆန့်ကျင်နေသည်ဟု သတ်မှတ်ထားကြသည်။ စစ်မှန်သော ဒီမိုကရေစီရရှိရန်အတွက် လှုပ်ရှားတက်ကြွသူများ၏တွန်းအားသည် တစ်ထောင့်တစ်နေရာမှ အကျိုးပြုသည်။ လှုပ်ရှားတက်ကြွသူ (Activist) အချို့မှာ စွမ်းဆောင်ရည် (Capacity) အားနည်းလေ့ရှိကြသဖြင့် ၎င်းတို့၏အရည်အချင်းကို မြှင့်တင်ပေးရန်လိုအပ်သဖြင့် အလှူရှင်များမှ ၎င်းကိစ္စများနှင့်ဆက်စပ်၍ ပံ့ပိုးကူညီပေးသင့်သည်။

၆။ ငြိမ်းချမ်းရေးနှင့်ပတ်သတ်သော ရန်ပုံငွေ ဘုတ်အဖွဲ့တွင် အရပ်ဘက်အဖွဲ့အစည်းကိုယ်စားပြုမှု ထည့်သွင်းရန်။

၇။ CSOများမှ တင်သွင်းထားသော ငြိမ်းချမ်းရေးဆိုင်ရာ အဆိုပြုလွှာများ (Project proposal) ကို အလှူရှင်အနေဖြင့် ထောက်ပံ့မှုပေးမည်၊ မပေးမည်ကို ပိုမိုလျင်မြန်စွာဆုံးဖြတ်ပေးရန်။

အချို့သော ငြိမ်းချမ်းရေးနှင့် သက်ဆိုင်သောစီမံကိန်းများမှာ အချိန်နှင့်တပြေးညီလုပ်ကိုင်ရသော သဘောသဘာဝရှိသောကြောင့် အလှူရှင်များဘက်မှ ဆုံးဖြတ်ချက်များနှောင့်နှေးပါးက ထိုလုပ်ငန်းစဉ်များကို ပြုလုပ်ခွင့်ရရှိပါကလည်း ကိုက်ညီထိရောက်မှုမရှိနိုင်ပါ။

# နိဂုံး

ဤ အကျဉ်းချုပ် အစီရင်ခံစာတွင် ငြိမ်းချမ်းရေးဖြစ်စဉ်၏ တည်ဆောက်ဖွဲ့စည်းမှုပုံစံနှင့် ပတ်သက်သောအကြောင်းအရာများဆိုင်ရာ ဆွေးနွေးချက်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်း (CSO) နှင့် ပတ်သက်သောအကြောင်းအရာများဆိုင်ရာ ဆွေးနွေးချက်များနှင့် အလှူရှင်များနှင့် ပတ်သက်သောအကြောင်းအရာဆွေးနွေးချက်များကို တင်ပြထားပြီး ဆွေးနွေးသုံးသပ်ပွဲသို့ တက်ရောက်ဆွေးနွေးသူများမှ အကြောင်းအရာတစ်ခုချင်းဆီအလိုက် အကြံပေးမှုများကိုလည်း ဖော်ပြထားပြီးဖြစ်သည်။

ဖော်ပြပါရှိသော အကြောင်းအချက်အလက်များမှာ အရပ်ဘက်လူ့အဖွဲ့အစည်းများ (CSOs) များ၏ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ၎င်းတို့အနေဖြင့် နားလည်သဘောပေါက်ပုံ၊ ၎င်းလုပ်ငန်းစဉ်နှင့်ဆက်စပ်၍ ၎င်းတို့ကြုံတွေ့ရသော အခက်အခဲများ နှင့် ၎င်းတို့ရပ်တည်ချက်ကို ထင်ဟပ်စေသည်။ ထုတ်နုတ်ဖော်ပြရပါလျှင် CSO များမှာ ယင်းတို့အတွက် အဟန့်အတားနှင့် များလှသော မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် "အဓိကက အရွေ့ပဲ"ဟူသော စိတ်ဓာတ်ဖြင့် ဆက်လက်ပါဝင်လိုကြ သည်။ သို့ရာတွင် ၎င်းတို့အချင်းချင်းကြားတွင် ပေါင်းစည်းနိုင်ရန်အတွက် ဘုံတန်ဖိုးထားမှုနှင့်နားလည်မှုများ တည်ဆောက်ကာ စည်းလုံးမှု အားကောင်းမွန်အောင် ပြုလုပ်ရမည်ဟူ၍ သိရှိကြသည်။

တစ်ဖက်တွင်လည်း တည်ဆောက်ပုံဗိသုကာတွင် CSO များ၏ ပင်မငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ကိုယ်စားပြုရန် လိုအပ်သည့် လိုအပ်ချက်အပြင် အခြားပြုပြင်ရန် လိုအပ်သည့်အချက်အလက်များကိုလည်း သဘောပေါက်သိရှိကြပြီး ဖြစ်သည်။ မိမိတို့ CSO များအချင်းချင်းကြား ပူးပေါင်းမှုအားကောင်းမွန်လာစေရန်အတွက် ပဋိပက္ခဖြစ်သောအကြောင်းအရာများကို ကောင်းမွန်စွာသိရှိ နားလည်ရမည်ကိုလည်း နားလည်ထားပြီးဖြစ်ကြသည်။

# နောက်ဆက်တွဲ

## ၁။ Facilitation အတွက် အသုံးပြုခဲ့သော မေးခွန်းများ

### အုပ်စု (၁) ။ ။ ငြိမ်းချမ်းရေးဖြစ်စဉ်၏ တည်ဆောက်ဖွဲ့စည်းမှုပုံစံ
(Structure of the peace process)

**မေးမြန်းသူ- မြတ်သဲသစ္စာ**

| မေးခွန်းများ | မှတ်ချက်များ |
|---|---|
| **၁။ ငြိမ်းချမ်းရေးဖော်ဆောင်မှု လမ်းကြောင်းပုံစံ (၁) မှာ ပြဿနာရှိနေတာက ဘာလဲ။** | ငြိမ်းချမ်းရေးပုံစံ (၁) တွင် ပါဝင်ဆောင်ရွက်နေသော အဖွဲ့အစည်းများသည် ပဋိပက္ခ၏ အရင်းအမြစ်ကို ကောင်းစွာသဘောပေါက်ပါရဲ့လား။ ဘာတွေက ဖြေရှင်းရမယ့်ကိစ္စရပ်တွေဆိုတာ သဘောပေါက်ပါရဲ့လား။ |
| **၂။ လွဲမှားနေသော ဖြစ်စဉ်တစ်ရပ်၌ အရပ်ဘက်အဖွဲ့အစည်းက ဆက်လက်ပါဝင်ဖို့ မည်သည့် သဘောထားရှိပါသလဲ။** | ဒီလိုဆက်လက်ပါဝင်ခြင်းရဲ့ အဆိုးအကောင်း ဘယ်လိုရှိပါသလဲ။ |
| **၃။ CSO က ငြိမ်းချမ်းရေးဆွေးနွေးမှုပုံစံ(၁) ၏ လိုအပ်ချက်များကို ဘယ်လိုပြင်ဆင်နိုင်ပါသလဲ။** | - ပထမဦးစားပေးအနေနဲ့ ဘာတွေဆောင်ရွက်နိုင်ပါသလဲ။ အခုလက်ရှိအခန်းကဏ္ဍနှင့် လမ်းကြောင်းပုံစံအရ ပြင်ဆင်ရန် မည်သို့လုပ်ဆောင်နိုင်ပါသလဲ။ |
| **၄။ CSFOF နှင့် UCCPF ပေါင်းစပ်ဆောင်ရွက်သင့်ပါသလား။** | - CSFOP နှင့် UCCPF မည်သို့ပေါင်းစပ်ဆောင်ရွက်သင့်ပါသလဲ။<br>- ထိုသို့ပူးပေါင်းပါဝင်မှုမှ မည်သည့်အကျိုးကျေးဇူးနှင့်ရလဒ်များ ရရှိနိုင်ပါသလဲ။ |

# အပိုဒ် (၂)။ ။ ပဋိပက္ခလိုအပ်ချက်နှင့် လက်ရှိငြိမ်းချမ်းရေးလုပ်ဆောင်ချက်များ ဆီလျော်မှု

**မေးမြန်းသူ- မြတ်သက်သစ္စာ**

| မေးခွန်းများ | မှတ်ချက်များ |
| --- | --- |
| **၁။ ယခုဖော်ထုတ်ထားသည့် ပဋိပက္ခဖြစ်စေသည့် အကြောင်းတရားများတွင် မပါဝင်ဘဲ ကျန်နေသည့် အကြောင်းတရားများ ရှိပါသလား။ ဖော်ပြပေးပါရန်။** | ဖော်ထုတ်ရရှိသည့် ပဋိပက္ခအကြောင်းတရားများ -<br>- နိုင်ငံရေးစနစ်။<br>- ပဋိပက္ခကို သက်ဆိုးရှည်စေမည့် စီးပွားရေးမက်လုံးများ။<br>- ဘာသာရေးနှင့် လူမျိုးများဆိုင်ရာ ခွဲခြားဆက်ဆံမှုများနှင့် အားလုံးအတွက် အကျုံးဝင်စေသည့် နိုင်ငံတော်၏ လက္ခဏာမရှိခြင်း။<br>- ပဋိပက္ခ၏ ဆိုးမွေ။<br>- လွတ်လပ်မှု၊ ဒီမိုကရေစီနှင့် ဒီမိုကရေစီနှင့်အညီ တာဝန်ခံမှုမရှိခြင်း။ |
| **၂။ လက်ရှိ CSO ၏ ငြိမ်းချမ်းရေးလုပ်ဆောင်ချက်များတွင် ပဋိပက္ခဖြစ်စေသော အကြောင်းတရားများကို ဖြေရှင်းနိုင်ရန် လိုအပ်၊ လစ်ဟာချက်ရှိသော လုပ်ငန်းရပ်များ ရှိနေသည်ဟု ထင်ပါသလား။ မည်သည့်နေရာတွင် လစ်ဟာချက်များရှိ၍ အားဖြည့်လုပ်ဆောင်ရန် လိုအပ်ပါသလဲ။** | - ပဋိပက္ခအကြောင်းတရားများအပေါ် အရပ်ဘက်လူ့အဖွဲ့အစည်းက ဘယ်လောက်ထိ နားလည်ပါသလဲ။ |
| **၃။ အရပ်ဘက်အဖွဲ့အစည်းများသည် "Theory of Change" သဘောတရားကို မည်မျှအထိ ထိရောက်အောင် အသုံးချ၍ ၎င်းတို့စီမံကိန်းများ၊ စီမံချက်များကို အကောင်အထည်ဖော်နိုင်ပါသလဲ။** | - "Theory of Change" သဘောတရားသည် နောက်ခံအခြေအနေတစ်ရပ်တွင် လုပ်ဆောင်ချက်များသည် ရည်ရွယ်သောအပြောင်းအလဲကို မည်သို့ရရှိနိုင်သည်ကို သိရှိစေနိုင်သည်။ |
| **၄။ အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် ဆောင်ရွက်ရန်ကျန်ရှိနေသော ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းများ ရှိပါသလား။** | - သုတေသနအတွင်း တွေ့ဆုံမှုများအရ မေးမြန်းခဲ့ရသည့် မည်သည့်အရပ်ဘက်အဖွဲ့အစည်းမှ ပြည်သူ့စစ်များနှင့်ပူးပေါင်း၍ စီမံကိန်းများက အကောင်အထည်ဖော်သည်ကို မတွေ့ရှိခဲ့ရပါ။<br>- ပြည်သူ့စစ်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မည်သည့်ရလာဒ်များရနိုင်ပါသလဲ။ ထိုသို့ဆောင်ရွက်ရန် မည်သည့်အခက်အခဲများ ရှိပါသလဲ။ |

# အပိုစ (၃) ။ ။ အရပ်ဘက်အဖွဲ့အစည်းများ၏ စည်းလုံးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု (Cohesion and cooperation of CS)

**မေးမြန်းသူ- ချိုချိုဝင်း**


| မေးခွန်းများ | မှတ်ချက်များ |
|---|---|
| **၁။ အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုအတွက် မည်သည့်အကြောင်းအရာများက အနှောင့်အယှက်ဖြစ်စေပါသလဲ။** | - အရပ်ဘက်အဖွဲ့အစည်းများအတွင်း ကွဲလွဲချက်များကို ဘယ်လိုဖြေရှင်းနိုင်ပါသလဲ။ |
| **၂။ အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုအတွက် အလှူရှင်အဖွဲ့များက ဘယ်လိုပံ့ပိုးပေးနိုင်ပါသလဲ။** | - မည်သို့သောစီမံကိန်းများဖြင့် အရပ်ဘက်အဖွဲ့အစည်းများရဲ့ ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေနိုင်ပါသလဲ။ |
| **၃။ ရန်ကုန်အခြေစိုက် အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်နယ်/တိုင်းအခြေစိုက် အရပ်ဘက်အဖွဲ့အစည်းများအကြား အထက်အောက်ဆက်ဆံမှုပုံစံကြောင့် အရပ်ဘက်အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုကို မထိခိုက်စေရန် မည်သို့ရှောင်ရှားနိုင်ပါသလဲ။** | |

# အပိုင်း (၄) ။ ။ အလှူရှင်များနှင့် ပူးပေါင်းဆက်ဆံဆောင်ရွက်မှု (Donor engagement)

**မေးမြန်းသူ- စုထက်**

| မေးခွန်းများ | မှတ်ချက်များ |
|---|---|
| **၁။ ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ အရပ်ဘက်အဖွဲ့အစည်းများ Funding လက်လှမ်းမီမှု ပိုမိုရရှိစေရန် အလှူရှင်အဖွဲ့များက မည်သို့ကူညီသင့်ပါသလဲ။** | - အလှူရှင်များ၏ Fund ကိုလက်လှမ်းမီရန် အဓိကအခက်အခဲများကို ပြောပြပါ။ |
| **၂။ အရပ်ဘက်အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းစေရန် အလှူရှင်များက မည်သို့ပံ့ပိုးပေးသင့်ပါသလဲ။** | - အရပ်ဘက်အဖွဲ့အစည်းများအကြား ပိုမိုညီညွတ်မျှတသော ဆက်ဆံရေးပေါ်ထွန်းစေရန် အလှူရှင်များက မည်သို့ အကူအညီပေးနိုင်ပါသလဲ။ |
| ၃။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ အရပ်ဘက်အဖွဲ့အစည်းများ၏ မည်သည့်လုပ်ဆောင်ချက်များကို အလှူရှင်အဖွဲ့များအနေဖြင့် ပိုမိုအားဖြည့်ကူညီသင့်ပါသလဲ။ | |

# ၂။ မြန်မာ့ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်ရှိ ညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာ လမ်းကြောင်းပြပုံ



# ၇။ JMC ၏ပြည်ထောင်စုအဆင့် ဖွဲ့စည်းပုံ

